မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၂၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်

ဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ အလှူတော်မင်္ဂလာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် အရှေ့ဘက်မုခ်ရှိ မဟာမုနိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်းတို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၃၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် ဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် မဟာရွှေစည်ကြီးစေတီတော်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၁ ရက်)

မီးဘေးအန္တရာယ် အစဉ်အလေးဂရုပြု ကြိုတင်ကာကွယ်ကြရမည်

လူခိုးလျှင်မကုန် မီးခိုးလျှင်ကုန်ဆိုသည့် စကားအရ မီးဘေးအန္တရာယ်သည် ကြောက်မက်ဖွယ်ကောင်းလှသည်။ မီးသတိပြုရေး၊ ကြိုတင်ကာကွယ်ရေးအတွက် တစ်ဦးတစ်ယောက်၊ တစ်မိသားစုမှစ၍ တစ်ရပ်ကွက်လုံး၊ တစ်မြို့နယ်လုံးသည် မီးကို သတိရှိစွာဖြင့် သုံးစွဲကြရမည်ဖြစ်သည်။

နိုင်ငံတစ်ဝန်းလုံးတွင် ၁၉၈၈ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ၂၂နှစ်တာကာလအတွင်း မီးလောင်မှုအကြိမ်ပေါင်း ၂၃၇၂၇ ကြိမ်ဖြစ်ပွားခဲ့ရာ ခန့်မှန်းခြေ တန်ဖိုးငွေကျပ် သန်း ၃၁၂၄၂ ဒသမ ၅၇ဖိုး ဆုံးရှုံးခဲ့ကြောင်း သက်ဆိုင်ရာမှတ်တမ်းများက ဖော်ပြသည်။

လွန်ခဲ့သော ၂၀၀၉ခုနှစ်အတွင်း မီးလောင်ဆုံးရှုံးမှု ၇၁၄ကြိမ် ဖြစ်ပွားခဲ့ရာတွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီးကြောင့် မီးလောင်မှုသည် ၄၉၈ကြိမ်ဖြင့် အများဆုံးပါဝင်သည်။ လျှပ်စစ်ကြောင့် ၁၄၇ကြိမ် ဖြစ်ပွားခဲ့သည်။

ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကြောင့် မီးလောင်မှုဖြစ်ပွားလျက်ရှိသည်ကို အထူးသတိပြုသင့်ပေသည်။ လျှပ်စစ်ဓာတ်အားကြောင့် မီးလောင်မှုဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများတွင် လျှပ်စီးပတ်လမ်းတိုတောင်းသွားစေခြင်း၊ လျှပ်စစ်ဓာတ်အားကို လိုသည်ထက် ပိုမိုလွန်ကဲစွာ သုံးစွဲခြင်း၊ လျှပ်စီးဆက်သွယ်မှု တစ်စိတ်တစ်ပိုင်း ပြတ်တောက်ခြင်း၊ လျှပ်စီးကြောင်း ဖြစ်ပေါ်ခြင်း၊ လျှပ်စစ်ဓာတ် ယိုစိမ့်ခြင်း၊ ဆက်သွယ်မှု ချွတ်ယွင်းအားနည်းခြင်း၊ ကြေးနီအောက်ဆိုဒ် တိုးပွားလာခြင်း၊ အပူဓာတ် ထုတ်လွှတ်မှု ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်ခြင်း၊ လျှပ်စစ်ဓာတ်အား အသုံးပြုပြီး မလိုအပ်ပါက ဖြတ်တောက်ပိတ်ထားရန် မေ့လျော့ခြင်းတို့ ပါဝင်သည်။

ဤသို့ လျှပ်စစ်ဓာတ်အားကြောင့် မီးလောင်မှု မဖြစ်ပွားစေရေးအတွက် ဟောင်းနွမ်းဆွေးမြည့်နေသော ဝိုင်ယာကြိုးများ၊ မီးခလုတ်များ၊ မီးခေါင်းများ၊ လျှပ်ကာပစ္စည်းများကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ပြီး စိတ်ချရသည့် မီးခလုတ်၊ ဝိုင်ယာကြိုးနှင့် လျှပ်ကာပစ္စည်းများအား လဲလှယ်အသုံးပြုရန်နှင့် လျှပ်စစ်ဓာတ်အားကို လိုအပ်သည်ထက် ပိုမိုလွန်ကဲစွာ အသုံးမပြုမိရန် သတိပြုသင့်ပေသည်။

သို့ဖြစ်ပါ၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးကို အများပြည်သူများက လိုက်နာဆောင်ရွက်ခြင်း၊ တားမြစ်ချက်များကို လိုက်နာခြင်းတို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည်ဆိုပါက မီးလောင်ဆုံးရှုံးမှုများ လျော့နည်းကျဆင်းပြီး မီးဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုမှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃၁-၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** (အပိုင်း-၂၀)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အမေ့ရဲ့ပျော်ရွှင်မှု**
- ၁၃:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်**(အပိုင်း-၅)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၀။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၁။ ဘဝကြေးမုံ **ရွှေနေမလေး မေစံရှားနှင့် ချိန်းဆိုထားတဲ့ ညနေ ၄နာရီ** မိုးသက်ပိုင်၊ ရန်နိုင်၊ မေ
- ၆:၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၁၃)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၁၆)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၁/၂၀၁၀) အစည်းအဝေးကို ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က (၁၂/၂၀၀၉)အစည်းအဝေး၏ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်နိုင်မှုအခြေအနေကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း တင်ပြကြပြီး အဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် ၉၇၈ အင်း၀ ၈လမ်း (၆)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ခင်စောဦးမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးရှိ သံဃာတော်၊ သီလရှင်တို့အတွက် ဆွမ်းတစ်နေ့တာနှင့် ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင်နှင့် မျက်စိတွင်းထည့် မှန်ဘီလူးတို့အတွက် အလှူငွေကျပ် ရှစ်သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။ (သံဃာ့ဆေးရုံ)

Bitdefender Antivirus Software 2010 ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၀

Global Technology Co., Ltd. က မြန်မာနိုင်ငံတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသော ကမ္ဘာ့နံပါတ်တစ် Bitdefender Antivirus Software 2010ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ FMI Center၌ ကျင်းပရာ ထိုင်းနိုင်ငံ Bitdefender မှ General Manager Charoensak Sakra က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် Global Technology Co., Ltd. Bitdefender Antivirus Software မှ ဒါရိုက်တာ ဦးမင်းဆွေလှိုင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး Bitdefender Antivirus Software 2010 နှင့် စပ်လျဉ်း၍ Globalnet Senior Sales Engineer ဦးရန်အောင်နိုင်က ရှင်းလင်းတင်ပြသည်။

အဆိုပါ Bitdefender Antivirus Software သည် ၂၀၀၆ခုနှစ်နောက်ပိုင်းမှ စတင်၍ ကမ္ဘာတွင် No.(1)အဖြစ် ငါးနှစ်ဆက်တိုက်ရောက်ရှိလာပြီး Virus Detection Rate သည်လည်း အမြင့်ဆုံးအဆင့်ရှိလာသည်။ New Technologies ဖြစ်သော B-Have နှင့် Neu Nut နည်းပညာသစ်များကြောင့် Technology leader ဖြစ်လာပြီး Virus ကာကွယ်မှုနှုန်းကိုလည်း အမြင့်ဆုံးရရှိအောင် ဆောင်ရွက်ပေးသည်။

Virus ပြဿနာကြောင့် ဖြစ်ပေါ်လာသော အနှောင့်အယှက်များရန်မှ ကင်းစင်၍ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး Globalnet (Global Technology Co.,Ltd.) က Bitdefender Antivirus Software (License Version) ကို ၂၀၀၉ခုနှစ်မှစတင်၍ မြန်မာနိုင်ငံဈေးကွက်တွင် စတင်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

Bitdefender Antivirus Software သည် Internet အသုံးပြုသူများ ကြုံတွေ့ရသော Virus, Worm, Trojan, House, Phishing ရန်မှ ကာကွယ်ပေးသည်။ ထို့အပြင် IM Encryption စနစ် ပါရှိခြင်းကြောင့် Bitdefender Software အသုံးပြုသူအချင်းချင်း Message များပေးပို့ရာတွင် Encryption နှင့် Decryption Function ဆောင်ရွက်ပေးနိုင်သဖြင့် ကြားဖြတ်၍ Message မယူဆောင်နိုင်ပါ။ Family Network Production, Gamer Mode, Laptop mode များ ပါဝင်သည်။

ပို့ဆောင်ပေးမည်

Bitdefender 2010 Promotion အစီအစဉ်အဖြစ် Bitdefender 2010 ဝယ်ယူသုံးစွဲသူ User များနှင့် ရောင်းချပေးသောReseller ဆိုင်များကို Bangkok Trip နှစ်ညအိပ် သုံးရက်ခရီး နေထိုင်သွားလာ စားသောက်စရိတ် အခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

မေးမြန်းနိုင်

Bitdefender သုံးစွဲသူများ သိရှိလိုပါက Free Customer Support (Myanmar) Global Net (Global Technology Co.,Ltd.) အဆောင်(၇) အခန်း (၁) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၆၅၂၂၃၂၊ ၆၅၂၃၂၄နှင့် ၅၀၇၀၅၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လူထုတက္ကသိုလ် စာကြည့်တိုက်အဆောက်အအုံ နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာ၌ ဖွင့်လှစ်

နတ်မောက် ဇန်နဝါရီ ၃၀

နိုင်ငံတော် မတည်ငွေဖြင့် ဆောက်လုပ်ပြီးစီးသည့် နတ်မောက်မြို့နယ် ဝက်ချုပ်ကျေးရွာ လူထုတက္ကသိုလ်စာကြည့်တိုက်အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နတ်မောက်မြို့နယ်ရုံး ဦးစီးမှူး ဦးလှရှိန်တို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် ကျေးရွာစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းရွှေက စာကြည့်တိုက်ဆောက်လုပ်မှု အခြေအနေကို တင်ပြသည်။

ဆက်လက်၍ အလှူရှင် ဦးအောင်ငြိမ်းက သုတစာအုပ် ၂၅၀နှင့် ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံ၊ မန္တလေးမြို့မှ အလှူရှင်ဦးအောင်ကျော်မြင့်၊ ဒေါ်ချယ်ရီမိသားစုက ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ EVD ပြစက်တစ်လုံးနှင့် မီးစက်တစ်လုံးကို စာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရေနံချောင်းမြို့နယ် ချိုင်းကျေးရွာအုပ်စု ချိုင်းရွာ အလင်းသုတစာကြည့်တိုက် အဆောက်အအုံသစ်ကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော သိမ်ကုန်းရပ်ကွက် အထက(၂) ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးစိုးနိုင်ဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်နှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မကွေးရာမြို့ဟောင်းရှိ ရွှေစည်းခုံစေတီတော် ရွှေထီးတော်တင်မင်္ဂလာ

ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညို

စေတီတော်အထွတ်သို့ တင်လှူပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ ဦးဆောင်၍ အလှူရှင်များက စိန်ဖူးတော်ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၃၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းက မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဇေယျဗျူကျေးရွာအုပ်စုရှိ မကွေးရာမြို့ဟောင်းကျေးရွာ၌ တည်ထားသည့် မူလဒါယကာ ပင်းယ ဥဇနာမင်းကြီး၏ ကောင်းမှုတော် ရွှေစည်းခုံစေတီတော် ရွှေထီးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ ရွှေစည်းခုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ပဓာန နာယက ကျောက်ဆည်မြို့ မဟာဂန္ဓာရုံ ဆရာတော် ဘဒ္ဒန္တကုသလနှင့် အမရပူရ မဟာဂန္ဓာရုံ ဆရာတော် ဘဒ္ဒန္တမဟိန္ဒတို့ အမှူးပြုသော သံဃာတော်အရှင်သူမြတ် များ ကြွရောက်တော်မူကြပြီး ယဉ်ကျေးမှု ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ ပြည်သူများ တက်ရောက် ကြည်ညို ကြသည်။

သီလခံယူ

အခမ်းအနားတွင် သီတဂူကမ္ဘာ့ ဗုဒ္ဓသာသနာပြုဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ကို ရွတ်ဖွား သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးက သာသနာရေး ဆိုင်ရာများကို လျှောက်ထားပြီး ကျောက် ဆည်မြို့ မဟာဂန္ဓာရုံကျောင်းတိုက် စာချ ဆရာတော် ဘဒ္ဒန္တမာနိတ ရေးသားပူဇော် သည့် စေတီယပူဇာ ဓမ္မဂါထာတော်များကို ကျောက်ဆည်မြို့ မဟာဂန္ဓာရုံ ပဓာန ဆရာတော်က ရွတ်ဖတ် ပူဇော်သည်။ ဆက်လက်၍ စိန်ဖူးတော်နှင့် ရတနာ ငှက်မြတ်နားတော်တို့အား အလှူရှင်များ က သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာ တော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဘက်စုံအလှူရှင် တို့က ဆရာတော်များထံ လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး သီတဂူ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော် ထံမှ အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

တင်လှူပူဇော်

ယင်းနောက် ရွှေထီးတော်၊ ရတနာ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အထွတ် တင်လှူပူဇော်ပွဲ အစီအစဉ်ကို ကျင်းပရာ ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေးနှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တို့ ဦးဆောင်၍ အလှူရှင်များက နဝမ၊ ဒသမ၊ ဧကာ ဒသမ ဘုံသုံးဆင့်ထီးတော်၊ ဆပ်သွားဖူးနှင့် ဖွန်ငါးပုံ တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြ သည်။

ရွတ်ဖတ်ပူဇော်

ဆက်လက်၍ ရတနာ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် အလှူရှင်များက ဒေဝါဝင်း၊ ရာဇာဝင်းများခြံရံကာ လက်ဆင့်ကမ်း ပင့်ဆောင်ကြ လျက် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ပူဇော်ကြပြီး မင်္ဂလာအချိန်တွင် ရတနာငှက်မြတ်နား တော်၊ စိန်ဖူးတော်တို့အား မင်္ဂလာနတ်ပန်း ယာဉ်ပုံဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြရာ ဆရာတော် ဘဒ္ဒန္တပညာသိရီဘိဝံသ ရေးသားပူဇော်သည့် စေတီယ ပူဇာ ထုတိဝေဒလ္လဂါထာတော်များကို ဆားတောင် ဂန္ဓာမြိုင် ဆရာတော်က ရွတ်ဖတ်ပူဇော်သည်။

တင်လှူ

စိန်ဖူးတော်အား စေတီတော်အထွတ်သို့ တင်လှူ အပြီးတွင် သီတဂူဆရာတော်က အမျှပေးဝေရာ သီတဂူ ဂီတအဋ္ဌလီအဖွဲ့က ဓမ္မတေးများဖြင့် သီကျူး ပူဇော်ကြသည်။

ရွှေမိုးငွေမိုးရွာသွန်း

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်တော်မူကြပြီး အလှူရှင်များက ရွှေမိုးငွေမိုးရွာသွန်းဖြိုးကာ ရွှေထီး တော်တင်မင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

တည်ထားတော်မူ

အဆိုပါ မကွေးရာမြို့ဟောင်းရှိ ရွှေစည်းခုံ စေတီ တော်အား သက္ကရာဇ် ၆၈၇ခုနှစ်တွင် ပင်းယ ဥဇနာ မင်းကြီးက တည်ထားတော်မူခဲ့ပြီး ဉာဏ်တော် ၁၄၄ ပေ၊ ဖိနပ်တော်အလျား ၁၆၈ပေနှင့် ထီး၀ ၁၀ပေ ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆွမ်းဆန်စိမ်းလောင်းလှူ

ဇန်နဝါရီ ၂၉ရက်က ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်၌ ဆွမ်းဆန်စိမ်း လောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ်များနှင့် အခွန်ဦးစီးဌာနမှူးရုံးများ

ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇန်နဝါရီ ၂၉ရက်က ပဲခူးတိုင်း တောင်ငူမြို့နယ် မြန်မာ့စီးပွားရေး ဘဏ် ခရိုင်ဘဏ်ခွဲ၊ တောင်ငူမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ အုတ်တွင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် ပဲခူးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် တိုင်းမန်နေဂျာရုံးနှင့် ပဲခူးဘဏ်ခွဲတို့ကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ စီးပွားရေးဘဏ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန် ဆိုင်ရာကဏ္ဍအသီးသီးတို့မှ အင်တိုက်အားတိုက် ပံ့ပိုးဖြည့်ဆည်းကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာ့ ဘဏ်တိုက် စာကြည့်တိုက်

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ စစ်တွေ၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃၀

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက် ညနေက စစ်တွေမြို့ လောကာနန္ဒာကွင်း၌ စည်ကားစွာကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးအောင်လင်းဒွေး၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ မိသားစုများ၊ တပ်ဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အသင်း ၃၂သင်းမှ ပြိုင်ပွဲဝင်များနှင့် ဒိုးပတ်အဖွဲ့ဝင်များ၊ ဒေသခံများ၊ ယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပြိုင်ပွဲကို ညနေ ၅နာရီတွင် စတင်ဖွင့်လှစ်၍ ဗိုလ်မှူးကြီးအောင်လင်းဒွေးက အမှာစကားပြောကြားပြီး ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့နှင့် ကျောင်းသား ကျောင်းသူများက ရခိုင်ရိုးရာအကများဖြင့် ဖျော်ဖြေကြသည်။ (၁၁၃)

ဟောတီလျှောင်ကယ်ဆယ်ရေးလုပ်ငန်း ဘရာဇီးတပ်ဖွဲ့ဝင်များ စေလွှတ်မည်

ဘရာဆီးလီးယား ဇန်နဝါရီ ၃၀

ဘရာဇီးအစိုးရသည် ဟေတီငလျင်ကယ်ဆယ်ရေးလုပ်ငန်းအတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင် ၂၂ဦးအား ဇန်နဝါရီ ၂၇ရက်မှစတင်ကာ လေ့ကျင့်သင်တန်းပေးလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဟေတီငလျင်ဒုက္ခသည်ကူညီရေး တာဝန်ထမ်းဆောင်ရန် ၁၂ရက်ကြာ ခရီးစဉ်အတွက် လာမည့်ရက်သတ္တပတ်အတွင်း ၎င်းတို့ကို ဟေတီသို့စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အဲဘတ်စ်နှင့် တရုတ်ကုမ္ပဏီ ပူးပေါင်းဆောင်ရွက်မည်

ပါရီ ဇန်နဝါရီ ၃၀

ဥရောပ၏ အကြီးဆုံးလေယာဉ် တည်ဆောက်ရေးကုမ္ပဏီဖြစ်သည့် အဲဘတ်စ်နှင့် စီဒီဘီလီစင်းကော်ပိုရေးရှင်း (စီအယ်လ်စီ)တို့သည် လေယာဉ်ဝယ်ယူရေးနှင့် ငှားရမ်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ(အမ်အိုယူ)ကို ဇန်နဝါရီ ၂၆ ရက်က လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။

ငှားရမ်း

စီအယ်လ်စီသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထိပ်တန်းလေယာဉ်ငှားရမ်းရေးကုမ္ပဏီကြီးဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂွမ်တာနာမိုအကျဉ်းစခန်း သုံးနှစ်အတွင်းပိတ်ပစ်နိုင် အမေရိကန်နိုင်ငံခြားရေးဌာနမှအရာရှိ ထုတ်ဖော်ပြောကြား

ဘရပ်ဆဲလ် ဇန်နဝါရီ ၃၀

အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ ဂွမ်တာနာမိုအကျဉ်းစခန်းကိုပိတ်ပစ်မည်ဟု မူလက သတ်မှတ်ထားသည့်အချိန်မှာ ကျော်လွန်သွားပြီဖြစ်သော်လည်း ယင်းအကျဉ်းစခန်းကို အိုဘားမား၏ ပထမသမ္မတ သက်တမ်းအတွင်း ပိတ်ပစ်နိုင်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

ကျူးဘားနိုင်ငံ ဂွမ်တာနာမိုအကျဉ်းစခန်းရှိ အကျဉ်းသားများအား လွှဲပြောင်းနိုင်ရေးအတွက် အမေရိကန်အစိုးရအနေဖြင့် အခြားအစိုးရအဖွဲ့များနှင့် ဆွေးနွေးလျက်ရှိကြောင်း ဂွမ်တာနာမိုအကျဉ်းစခန်း ပိတ်ရေးတာဝန်ယူထားသည့် အမေရိကန် အထူးသံတမန်ဒါနီးလ်ဖာရစ်ဒ်က ပြောကြားသည်။

ယုံကြည်

အိုဘားမား၏ ကျန်ရှိသည့် သမ္မတသက်တမ်း သုံးနှစ်အတွင်း ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်ပစ်နိုင်မည်ဟု မိမိယုံကြည်ကြောင်း၊ ယင်းမှာ ဘရပ်ဆဲလ်မြို့သို့ မိမိရောက်ရှိရသည့်အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း၊ မိမိတို့၏လုပ်ငန်းစဉ်များကို မိတ်ဆွေ ဥရောပနိုင်ငံများအား ရှင်းပြလိုကြောင်းဖြင့် ဒါနီးလ်ဖာရစ်ဒ်က ဘရပ်ဆဲလ်မြို့၌ သတင်းထောက်များအား ပြောကြားသည်။

ဖော်ပြ

အမေရိကန်အစိုးရအနေဖြင့် ဂွမ်တာနာမိုအကျဉ်းစခန်းကို ပိတ်ရန် အစွမ်းကုန်ကြိုးပမ်းလိုသည်ဟု ဒါနီးလ်ဖာရစ်ဒ်က ပြောကြားသည်။ သို့သော် ရက်အတိအကျကိုမူ ပြောကြားခြင်းမရှိကြောင်း ရိုက်တာကဖော်ပြသည်။ **အမ်အင်န်အေ၊ ရိုက်တာ**

တရုတ်ကျည်ဆန်ရထား တန်ရှန်ကုမ္ပဏီက တိုးမြှင့်ထုတ်လုပ်မည်

ပေကျင်း ဇန်နဝါရီ ၃၀

တရုတ်နိုင်ငံ၌ အမြန်ရထားများတိုးချဲ့ပြေးဆွဲရန်လိုအပ်ချက်အရ မိမိတို့ ကုမ္ပဏီက ကျည်ဆန်ရထားများ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၈ ရက်တွင် တရုတ်ပြည် တန်ရှန်ကျည်ဆန်ရထားကုမ္ပဏီမှ တာဝန်ရှိသူက ပြောကြားသည်။

ထုတ်လုပ်မည်

ယခုနှစ် ပထမနှစ်ဝက်အတွင်း လစဉ်ကျည်ဆန်ရထားရှစ်စင်းအထိ နှစ်ဆတိုးထုတ်လုပ်မည်ဖြစ်ကြောင်းကို တန်ရှန်ရထားကုမ္ပဏီမှ ဒုတိယမန်နေဂျာ ဝမ်က ပြောကြားသည်။

အဆိုပါကုမ္ပဏီမှထုတ်လုပ်သည့် ကျည်ဆန်ရထားသည် ပျမ်းမျှတစ်နာရီ ကီလိုမီတာ ၃၅၀မှ စမ်းသပ်ကာလ အမြင့်ဆုံး ၃၉၄ ဒသမ၃ကီလိုမီတာအထိ ခုတ်မောင်းနိုင်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်ကျိုးမြို့ရှိ ဥယျာဉ်ဒေသတွင် လေထီးစွမ်းရည် ပြသနေသည်ကို ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

A(H1N1) ကာကွယ်ဆေးများနှင့်ငွေကြေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ကနေဒါလှူဒါန်း

အော့တဝါ ဇန်နဝါရီ ၃၀

တစ်ကမ္ဘာလုံးသို့ပျံ့နှံ့နေသည့် A (H1N1) တုပ်ကွေးရောဂါကာကွယ်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ ကြိုးပမ်းမှုကိုအထောက်အကူဖြစ်စေရန် ကနေဒါနိုင်ငံက အမေရိကန်ဒေါ်လာ ၅ဒသမ၆၃ သန်းနှင့် လူပေါင်း၄၊၁သန်းအတွက် A(H1N1) ကာကွယ်ဆေးများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)သို့ လှူဒါန်းကြောင်း ဇန်နဝါရီ ၂၈ရက်တွင် ကနေဒါနိုင်ငံက ထုတ်ပြန်ကြေညာသည်။

အထောက်အကူဖြစ်

ကနေဒါ နိုင်ငံတကာဖွံ့ဖြိုးမှုအေဂျင်စီ၏ ထည့်ဝင်လှူဒါန်းငွေနှင့် တစ်နိုင်ငံလုံး A(H1N1) ကာကွယ်ဆေး စုစုပေါင်း၏ ၁၀ရာခိုင်နှုန်းရှိ ကာကွယ်ဆေးများကို ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း ဒဗလျူအိတ်ချ်အို၏ A(H1N1) ကာကွယ်ရေးအစီအစဉ်ကို အထောက်အကူဖြစ်စေနိုင်သည်ဟု ဆင်ဟွာကဖော်ပြသည်။

အဆုံးသတ်

ကနေဒါနိုင်ငံ၌ A(H1N1) တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုနှုန်းမှာ ဆေးရုံတွင် ကုသမှုနှင့်သေဆုံးသူဦးရေ ကျဆင်းမှုအပါအဝင် ဒုတိယအကြိမ် ထပ်မံဖြစ်ပွားမှုအဆုံးသတ်သွားမှာဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးမြို့၌ ကျင်းပသည့် နှစ်ဦးပွဲတော်ကာလ မြင်ကွင်းကို ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်နှင့်အိန္ဒိယနှစ်နိုင်ငံ ယဉ်ကျေးမှု လက်မှုပညာပြပွဲ၌ ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသည့်အိုးများကို ဇန်နဝါရီ ၂၉ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်ဆိုင်ရာညီလာခံအောင်မြင် နေတိုးအကြီးအကဲ ချီးကျူးပြောကြား

ဘရပ်ဆဲလ် ဇန်နဝါရီ ၃၀

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) အတွင်းရေးမှူးချုပ် အင်ဒါဖော့ရပ်စ်မူဆင်က လန်ဒန်မြို့တော်၌ကျင်းပသည့် အာဖဂန်နိုင်ငံဆိုင်ရာ ညီလာခံ၏ အောင်မြင်မှုများကို ကြိုဆိုကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တက်ရောက်

အဆိုပါ ညီလာခံကို ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်း၊ အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းတို့က ပူးတွဲကျင်းပခဲ့ခြင်းဖြစ်ပြီး ဖော့ရပ်စ်မူဆင် တက်ရောက်ခဲ့သည်။

ချမှတ်ပေး

ယင်းညီလာခံတွင် အာဖဂန်လုံခြုံရေး တပ်ဖွဲ့ဝင်များသို့ လုံခြုံရေးတာဝန်များ လွှဲပြောင်းပေးရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို အောင်မြင်စွာ ချမှတ်ပေးနိုင်ကြသည်။

မစိုးရိမ်သင့်

အာဖဂန်ပြည်သူများက မိမိတို့အာဖဂန်မှ စောစီးစွာထွက်ခွာသွားမည်ကို မစိုးရိမ်သင့်ကြောင်း၊ မိမိတို့ကလည်း လက်လွတ်စပယ် ထွက်သွားမည်မဟုတ်ကြောင်း၊ သို့ရာတွင် မိမိတို့က အကူးအပြောင်းကာလတစ်ရပ်ကို အမြန်ဆုံးပေါ်ပေါက်ရန်လိုလားကြောင်း နေတိုးအတွင်းရေးမှူးချုပ်က ပြောကြားသည်။ ***(အင်တာနက်)***

ဥရောပနျူကလီးယားစွမ်းအင် ဦးဆောင်မှုသိပ္ပံ ဂျာမနီတွင်ဖွင့်လှစ်မည်

ဘရပ်ဆဲလ် ဇန်နဝါရီ ၃၀

နျူကလီးယားစွမ်းအင်ကဏ္ဍတွင် တက္ကသိုလ်ဘွဲ့ရများ စိတ်ပါဝင်စားအောင် ဆွဲဆောင်နိုင်ရန်နှင့် ယင်းကဏ္ဍတွင် အနာဂတ်ကာလ၌ ခေါင်းဆောင်များ ဖြစ်လာစေရန် လေ့ကျင့်ပေးရန်အတွက် ဥရောပနျူကလီးယားစွမ်းအင် ဦးဆောင်မှုသိပ္ပံ (အီနီလာ)ကို ဂျာမနီနိုင်ငံတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း အင်တာနက်သတင်းအရ သိရသည်။

လက်မှတ်ရေးထိုး

အီနီလာဖွင့်လှစ်ရေးစာချုပ်ကို ဥရောပနျူကလီးယားစွမ်းအင်ကုမ္ပဏီခြောက်ခုက ဇန်နဝါရီ ၂၈ရက်တွင် လက်မှတ်ရေးထိုးကြသည်။

လေ့ကျင့်သင်ကြား

အဆိုပါသိပ္ပံ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်မှာ တက္ကသိုလ်ဘွဲ့ရ လူငယ်များနှင့် အလားအလာရှိသော ဝန်ထမ်းများအား ခေါင်းဆောင်များဖြစ်စေရန် သို့တည်းမဟုတ် ဥရောပနျူကလီးယားစွမ်းအင်ဌာနများတွင် ကြီးမားသည့် တာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးရန်အတွက်ဖြစ်သည်ဟု ဖော်ပြပါကုမ္ပဏီများက ပြောကြားသည်။

(အင်တာနက်)

အင်္ဂလန်နိုင်ငံ ဆွန်ဒွန်မြို့ရှိ ဟွန်ဒါမော်တော်ကားစက်ရုံမှ ထုတ်လုပ်သည့်ကားများကို သိုလှောင်ရုံများသို့ သယ်ယူပို့ဆောင်နေသည်ကို ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာရှနိုင်ငံများ၏ အမျိုးသားအာကာသအစီအစဉ် စင်ကာပူနိုင်ငံ ပါဝင်ဆောင်ရွက်မည်ဟုဆို

စင်ကာပူ ဇန်နဝါရီ ၃၀

အာရှနိုင်ငံအများအပြားက ယင်းတို့၏ အမျိုးသားအာကာသဆိုင်ရာ အစီအစဉ်ကို ရည်မှန်းချက်ထားဆောင်ရွက်နေကြသည့်အတွက် အာရှနိုင်ငံများ၏ အာကာသလုပ်ငန်းမှာ လျင်မြန်စွာ တိုးတက်လာတော့မည့် အနေအထားတွင်ရှိနေကြောင်း၊ စင်ကာပူနိုင်ငံအနေဖြင့်လည်း ယင်းအာကာသလုပ်ငန်းကို အထောက်အကူပြုသွားနိုင်ကြောင်း စင်ကာပူအစိုးရအရာရှိတစ်ဦးက ဇန်နဝါရီ ၂၈ ရက်၌ ပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့်တောင်ကိုရီးယားနိုင်ငံတို့သည် အာကာသစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စင်ကာပူနိုင်ငံသည်လည်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေသော အာရှနိုင်ငံများ၏ အာကာသဆိုင်ရာလုပ်ငန်းများတွင် ပါဝင်အထောက်အကူပြုနိုင်သည့် အလားအလာရှိကြောင်းဖြင့်လည်း အဆိုပါ စင်ကာပူအစိုးရအရာရှိက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

အီတလီအနုပညာပြပွဲ နန်ကျင်း၌ ခင်းကျင်းပြသ

အလင်းရောင်များဖြင့် တန်ဆာဆင်ထားသော အီတလီအနုပညာပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်စုပြည်နယ် မြို့တော်နန်ကျင်းရှိ ဆွန်ဂူရေကန် ပန်းခြံတွင် ဇန်နဝါရီ ၃၀ရက်မှ မတ် ၁၈ရက်အထိ ခင်းကျင်းပြသလျက်ရှိကြောင်း၊ ယင်းပြပွဲတွင် အနုပညာလက်ရာ ၇၅မျိုး ပြသထားကြောင်း သတင်းရရှိသည်။

(အောက်ပုံ)



အမေရိကန်လေယာဉ်လမ်းကြောင်းပြောင်းမောင်းခဲ့ရ

အမေရိကန်ပြည်ထောင်စု ကွန်တီနင်တယ်လေကြောင်းလိုင်းပိုင်လေယာဉ်တစ်စင်းသည် နယူးဂျာစီရှိ နီဝပ်နိုင်ငံတကာလေဆိပ်မှ ဇန်နဝါရီ ၂၉ရက်တွင် ပျံတက်ပြီး ကိုလံဘီယာနိုင်ငံ ဘိုဂိုတာအသွား လမ်းခုလပ်သို့အရောက်၌ စောင့်ကြည့်ရမည့် အကြမ်းဖက် သမားစာရင်းဝင်သူတစ်ဦးနှင့် နာမည်တူနေသောခရီးသည်တစ်ဦးကြောင့် လမ်းကြောင်း ပြောင်း မောင်းနှင်ခဲ့ရသည်ဟု သတင်းရရှိသည်။

ဟေတီငလျင်ဘေးဒုက္ခသည်အတွက်လှူဒါန်းနေဆဲ

တောင်အာဖရိကစီးပွားရေးကုမ္ပဏီတစ်ခုသည် ဟေတီမြေငလျင်ဒုက္ခသည်များအတွက် ဇန်နဝါရီ ၂၉ရက်က အမေရိကန်ဒေါ်လာ ၆၇၅၀၀၀လှူဒါန်းကြောင်း တောင်အာဖရိက အက်စ်အေပီအေသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဟောင်ကောင်တွင်တိုက်ပြိုကျ၊ လေးဦးသေဆုံး

ဟောင်ကောင်တွင် ဇန်နဝါရီ ၂၉ရက်က ပြိုကျခဲ့သော တိုက်ခန်းအဆောက်အအုံ၏အကျိုးအပဲ့များကြားမှ ဇန်နဝါရီ ၃၀ရက် နံနက်ပိုင်းတွင် ကယ်ဆယ်ရေးသမားများက အလောင်းတစ်လောင်း ထပ်တွေ့ကြောင်း၊ ထိုဖြစ်ရပ်ကြောင့် သေဆုံးသူ လေးဦးရှိသွားပြီဖြစ်ကြောင်း၊ နှစ်ဦးဒဏ်ရာရရှိပြီး တစ်ဦးပျောက်ဆုံးနေဆဲဖြစ်သည်။

အိန္ဒိယတောင်ပိုင်း၌ရေယာဉ်မှောက်၍၁၀ဦးသေဆုံး

အိန္ဒိယနိုင်ငံတောင်ပိုင်း ကိုဒါဗာရီမြစ်တွင် ဇန်နဝါရီ ၃၀ရက် နံနက်စောစောပိုင်းက ရေယာဉ်တစ်စင်းတိမ်းမှောက်သွားသဖြင့် ၁၀ဦးထက် မနည်းရေနစ်သေဆုံးပြီး ၃၀ကျော် ပျောက်ဆုံးနေကြောင်း အဆင့်မြင့်ရဲအရာရှိ တစ်ဦးကပြောကြားသည်။ အဆိုပါ ရေယာဉ်သည် မြစ်လယ်တွင် တိမ်းမှောက်သွားခြင်းဖြစ်သည်။

ခိုးဝင်သူ အီသီယိုးပီးယားနိုင်ငံသားများအားဖမ်းမိ

ယီမင်အစိုးရအာဏာပိုင်များသည် ယီမင်နိုင်ငံသို့ တရားမဝင်ခိုးဝင်လာသော အီသီယိုးပီးယားနိုင်ငံသား ၉၅ ဦးအားဖမ်းဆီးလိုက်ကြောင်း ယီမင်အစိုးရပိုင် ဆာဘား သတင်းဌာနက ဇန်နဝါရီ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

သေနတ်သမားများပစ်ခတ်၍ သုံးဦးသေဆုံး

ပါကစ္စတန်နိုင်ငံအရှေ့တောင်ပိုင်း ကွက်တာမြို့တွင် မော်တော်ဆိုင်ကယ်စီးလာသော သေနတ်သမားများက ဇန်နဝါရီ ၂၉ ရက်တွင် သုံးဦးအားပစ်သတ်သွားကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့ကပြောကြားသည်။ အဆိုပါသုံးဦးသည် ဟိုတယ်တစ်လုံးတွင် နေ့လယ်စာစားနေစဉ် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

ယူရိုငွေကြေး၌ ၁၀ဦးလျှင်တစ်ဦး အလုပ်လက်မဲ့ဖြစ်

ဥရောပ၏ အဓိကငွေကြေးဖြစ်သော ယူရိုငွေကြေးနယ်ပယ်တစ်ဝန်းရှိ အလုပ်သမား ၁၀ဦးလျှင် တစ်ဦးမှာ ယခုအခါ အလုပ်လက်မဲ့ဖြစ်နေကြောင်း ဥရောပသမဂ္ဂ (အီးယူ)၏ နောက်ထပ်ရရှိထားသော စာရင်းဇယားအချက်အလက်များအရသိရသည်။ ၁၀ရာခိုင်နှုန်း အလုပ်လက်မဲ့ဖြစ်နေကြောင်းသိရသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သဘောတူစာချုပ်ရေး တိုက်တွန်း

ရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ ခိုင်မာတောင့်တင်းသည့် သဘောတူစာချုပ် တစ်ရပ်ချုပ်ဆိုနိုင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် မက္ကဆီကိုသမ္မတ ဖိလစ်ပေကာလ်ဒရွန်က စီးပွားရေးနှင့် နိုင်ငံရေးခေါင်းဆောင်များကို ဇန်နဝါရီ ၂၉ရက်က ဆော်ဩလိုက်သည်။ **(အင်တာနက်)**

ဆင္ဒအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စတုတ္ထအစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၃၀

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စတုတ္ထအစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သာသနာရေးဝန်ကြီးဌာန (ရန်ကုန်)ရုံးခွဲရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အဖွင့်အမှာစကား ပြောကြားပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒုတိယညွှန်ကြားရေးမှူးချုပ် လွိုင်ကော်မြို့နှင့် ပင်လုံမြို့တို့၌ လုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနန်းအောင်သည် ဇန်နဝါရီ ၁၈ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ ၂၀ရက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)ပင်လုံမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်ကြားရေးနှင့် ကျောင်းသားများ၏ အိပ်ဆောင်များ၊ စားရိပ်သာ၊ ကျောင်းတွင်းစိုက်ခင်းများ၊ မွေးမြူရေးငါးကန်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထီးချိုင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၃)ရပ်ကွက် မြသိန်းတန်စေတီ တောင်တက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၂၀ရက်က အမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင် ကွင်းဆင်းကြီးကြပ်ရာ တာဝန်ခံအင်ဂျင်နီယာနှင့် လုပ်ငန်းခွင် အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ပြန်/ဆက် စာကြည့်တိုက် ဖွံ့ဖြိုးရှင်သန်ရေး ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၃၀

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲကို ဇန်နဝါရီ ၁၉ရက် မွန်းလွဲ ၂နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်(၄၉)ရပ်ကွက် မဟော်သဓာ စာကြည့်တိုက်၌ ကျင်းပသည်။

ပြန်လည်ဆွေးနွေး

ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်လှလှဌေးက ပြည်ထောင်စုအားမာန် ခေါင်းစဉ်ဖြင့် ဟောပြောခြင်းနှင့်အတူ စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက် ဖွံ့ဖြိုးရှင်သန်ရေးအတွက် စာငှားစနစ်ချမှတ်ဆောင်ရွက်ရေး၊ စာအုပ် စာစောင်တိုးပွားရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအသေးစိတ်များကိုလည်း ဆွေးနွေးကြသည်။ ဆက်လက်၍ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်အောင်မင်းက စာကြည့်တိုက် ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ပြန်လည်ဆွေးနွေးကြောင်းသိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ကြည်မင်း၏ ပညာခရီးနှင့် ပညာမျက်စိ စာအုပ် ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၃၀

စာရေးဆရာ ကြည်မင်း၏ ပညာခရီးနှင့် ပညာမျက်စိ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ယင်းစာအုပ်တွင် စာရေးသူ အတွေးအမြင်မဂ္ဂဇင်း၌ နှစ်နှစ်နီးပါး ရေးသားခဲ့ပြီး အဆုံးသတ် ဖြည့်စွက်ရေးသားထားသည့် ကွင်စလန်ကောင် တော်တော်ထောင်တယ်တဲ့လား၊ ဩစတြေးလျ ပညာတော်သင်အတွေ့အကြုံ ဆောင်းပါးရှည်၊ စံပယ်ဖြူမဂ္ဂဇင်းတွင် ရေးသားခဲ့သော အခြားနိုင်ငံများသို့ ခရီးသွားအတွေ့အကြုံ ဆောင်းပါးများ၊ ကြေးမုံ နှင့် ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်းတွင် ရေးသားခဲ့သော ပညာရှင်စာတမ်းသုတေသနဆောင်းပါးများကို စုစည်းပြီး ပညာခရီးနှင့် ပညာမျက်စိစာအုပ်အဖြစ် ထုတ်ဝေထားခြင်း ဖြစ်သည်။

စေတနာ

တိုင်းပြည်ကို ချစ်လျှင် လူငယ်ကို ချစ်ရမည်။ ဘာကြောင့်လဲဆိုတော့ လူငယ်သည် အနာဂတ်သို့ တိုးဝင်ခရီးဆက်မည့်သူဖြစ်၍ပင်၊ အနိမ့်ခံနေရသော အောက်ကျနောက်ကျတိုင်းပြည်အဖြစ်မှ လွတ်မြောက်ဖို့ လူငယ်တွေ ပညာတတ်မှဖြစ်မည်။ ဘွဲ့ရရုံ၊ ဆိုင်းဘုတ်ချိတ်ရုံသာတတ်သော လူငယ်များမဟုတ်ဘဲ သိသင့်တာ တကယ်သိပြီး တတ်သင့်တာ တကယ်တတ်သော လူငယ်တွေရှိမှဖြစ်မည် စသည်ဖြင့် စာရေးသူ၏ စေတနာထင်ဟပ်ထားသည်။

ဖြန့်ချိ

တကယ်တတ်၊ တကယ်တော်သော ပညာတတ်များဖြစ်စေရန် အခြေခံကျကျ ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များနှင့် တိုင်းပြည်နှင့်လူမျိုးက အားကိုးအားထားပြုထိုက်သော အဆင့်မြင့်သုတေသနစာတမ်းတစ်စောင် ရေးသားနိုင်စေမည့် လမ်းညွှန်ချက်များကိုပါ မီးမောင်းထိုးပြထားသည့် အဆိုပါ စာအုပ်ကို Wisdom House အမှတ် ၁၀၁တိုက်(၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၅၀-၅၈၅၃၃ က ဖြန့်ချိပြီး စာအုပ်တန်ဖိုး ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြိတ်မြို့၌ ရပ်ရွာလူထုအခြေပြု ဘေးဒုက္ခအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းဖွင့်

မြိတ် ဇန်နဝါရီ ၃၀

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော ရပ်ရွာလူထုအခြေပြု ဘေးဒုက္ခအန္တရာယ် စီမံခန့်ခွဲမှု (ဦးဆောင်ဆွေးနွေးသူများ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက် ၉နာရီက မြိတ်မြို့ အထက(၁) ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲမှုဌာန ဌာနမှူး ဦးမောင်မောင်ခင်က သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တနင်္သာရီတိုင်း ကြက်ခြေနီကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မင်းသိန်းက အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

သင်တန်းသို့ တနင်္သာရီတိုင်း အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

❒ *ကျော်ဖုံးမှ*

သောက်သုံးရေ

မိတ္ထီလာမြို့ ပြည်သူများအတွက် အရေးကြီးဆုံးမှာ သောက်သုံးရေဖြစ်သည်။ မိတ္ထီလာမြို့ ရပ်ကွက်များသည် မိတ္ထီလာကန်၏ ဘေးပတ်လည်တွင်

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေး ကားလမ်းပေါ်တွင် လမ်းလယ်ကျွန်းများ၌ ပန်းအလှပင်များကို ဤသို့သပ်ရပ်လှပစွာ စိုက်ပျိုးထားရှိသည်။ (မြန်မာ့အလင်း)

တည်ထားသည်။ မိတ္ထီလာမြို့ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြိုးပမ်းဆောင်ရွက်နေသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရပ်ကွက်ကြီး ၁၁ရပ်ကွက်ရှိ လူဦးရေ ၉၅၀၀၀ခန့်အတွက် အများသုံး ရေတိုင် ၁၄တိုင်၊ အိမ်သွယ်ရေတိုင် ၅၃၇၁ တိုင်၊ ရေမီတာများ တပ်ဆင်အသုံးပြုပြီး တစ်နေ့လျှင် ရေဂါလန် ၁ဒသမ၆သန်း ဖြန့်ဝေပေးလျက်ရှိသည်။ မိတ္ထီလာမြို့ ပြည်သူများ သောက်သုံးရေ မပြတ်စေရေးအတွက် မဟာစည် ရေပေးရေးလုပ်ငန်းမှ ၁၀လက်မ စက်ရေတွင်း ငါးတွင်းဖြင့် အောင်ဇေယျာ ရပ်ကွက် နယ်မြေ (၉)၊ နယ်မြေ(၁၅)၊ နယ်မြေ (၁၆)နှင့် အောင်သုခရပ်ကွက်များသို့ နေ့စဉ် ရေဂါလန် ဝဒသမ ၈သန်းအား မြေအောက်ရေ ပေးဝေလျက်ရှိသည်။

မိတ္ထီလာကန်ရေ

မြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ခေတ်မီ ရေပေးရေးစက်ရုံသစ်များ တည်ဆောက်ပြီး ရေပေးရေးစက်ရုံ ခြောက်ရုံမှ မိတ္ထီလာကန်ရေကို နေ့စဉ် ရေဂါလန် ၁ဒသမ ၄၄သန်း ဖြန့်ဝေပေးနေသည်။ ထို့အပြင် ရေအခက်အခဲတွေ့နေသည့် ကျီတော်ကုန်း ရပ်ကွက်တွင် ယခင် ခြောက်လက်မ စက်ရေတွင်း တစ်တွင်းနှင့် မလုံလောက်၍ ယခု ခြောက်လက်မ စက်ရေတွင်း တစ်တွင်း ထပ်မံတူးဖော်ပေးပြီး စက်ရေတွင်း နှစ်တွင်းမှ တစ်နာရီ ရေဂါလန် ၇၀၀၀ ထွက်ရှိနေသည်။ ထိုထွက်ရှိနေသည့် သန့်ရှင်းသော သောက်သုံးရေများကို ရေဂါလန် ၆၀၀၀ ဆံ့ ရေစင်သို့ တင်ပို့ပြီး ကျီတော်ကုန်းရပ်ကွက်နေ ပြည်သူများသို့ လေးလက်မ၊ သုံးလက်မ ရေပိုက်လိုင်းများဖြင့် သွယ်တန်းပြီး အိမ်သွယ်ရေတိုင် ၃၁၂ တိုင်ဖြင့် နေ့စဉ် ရေဂါလန် ဝ ဒသမ ဝ၈ သန်း ဖြန့်ဝေပေးနေသည့်အတွက် ကျီတော်ကုန်းရပ်ကွက်နေ ပြည်သူများမှာ သောက်သုံးရေ လုံလောက်စွာ ရရှိနေသဖြင့် ပျော်ရွှင်နေကြသည်။ ကျီတော်ကုန်း မြေအောက်ရေပေးဝေရေးမှ တိုးချဲ့မြို့ ရေပေးရေးအဖြစ် ရန်မျိုးအောင်ရပ်ကွက်နှင့် မိတ္တဗလရပ်ကွက်များသို့ ကိုယ့်အားကိုယ်ကိုး ပိုက်လိုင်းများ သွယ်တန်း၍ ရေပေးဝေရန် စီမံဆောင်ရွက်နေသည်။

သာယာလှပရေး

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် စည်ပင်သာယာရေးဝန်ကြီးဌာန၏မူဖြစ်သော မြို့၊ ရွာများ သန့်ရှင်းသပ်ရပ် သာယာလှပမှုရှိစေရေးအတွက် မွမ်းမံပြင်ဆင်မှုများပြုလုပ်ရန် ညွှန်ကြားချက် (၁၆) ချက်အတိုင်း လိုက်နာဆောင်ရွက်လျက်ရှိသည်။ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိတ္ထီလာမြို့ သန့်ရှင်းသာယာလှပရေးအတွက် အစဉ်တစိုက်ကြိုးပမ်းအားထုတ်နေသည်။ မြို့ပြသာယာလှပရေးအတွက် မြို့တော်ခန်းမ တည်ဆောက်ခဲ့ပြီး မြို့တော်ခန်းမရှေ့ နာရီစင်ကို တည်ဆောက်ခဲ့သည်။ ထို့ပြင် ဈေးအရှေ့ဘက် ရန်ကုန်-မန္တလေး ကားလမ်းမကြီးတွင် လမ်းလယ်ကျွန်းများဖြင့် ဆိုဒီယမ် မီးပန်းအလှများ တပ်ဆင်ကာ ကားလမ်းမကြီးတစ်လျှောက်ရှိ လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်

မိတ္ထီလာမြို့နယ် ညောင်ပင်လှကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စက်ရေတွင်းတူးဖော်ပေးခဲ့ရာ ဤသို့ ပြည်သူများ လာရောက်ခပ်ယူ သယ်ဆောင်ကြသည်။ (မြန်မာ့အလင်း)

များ၊ ရေတမာပင်များစိုက်ပျိုးပြီး မီးတိုင်များနှင့် မီးဆိုင်းအလှများ ထွန်းပေးထားသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် လမ်းပေါက်များ၊ ချိုင့်ခွက်များမရှိစေရန် ကတ္တရာလမ်းပေါက် ဖာထေး ပြုပြင်ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို မြို့တွင်းလမ်း ၁၉လမ်းအား လမ်းပခုံးကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်း ၂၈ လမ်း ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ မြို့ပြသန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် မြို့တွင်း လမ်းဘေး ဝဲယာ ရေမြောင်း အရှည်ပေ ၉၁၀၀ အတွင်းမှ အမှိုက်နှင့် အညစ်အကြေးများ ဆယ်ယူသန့်ရှင်းပေးခဲ့သည်။ မြို့တွင်း သန့်ရှင်းသပ်ရပ် လှပစေရန်အတွက် အမှိုက်သိမ်းဆည်း စွန့်ပစ်ခြင်းလုပ်ငန်းကို အမှိုက်သိမ်းယာဉ် ငါးစီးနှင့် သန့်ရှင်းရေးလုပ်သား ၁၆ဦး၊ ပြင်ပအငှားလုပ်သားတို့ဖြင့် နေ့စဉ်သန့်ရှင်းရေး လုပ်ဆောင်လျက်ရှိသည်။

ကျေးလက်ဖွံ့ဖြိုးရေး

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထား ဆောင်ရွက်နေသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သာစည်-ကုန်းတောင်းလမ်း၊ လက်ပံ-ခါးကော့-အင်းပက်လက်လမ်း၊ အောင်းကန်-မိချောင်းကန်- ရွာသစ်ကြီး- အနောက်ကန်လမ်း၊ မြိုင်သာ-သီတက္ကန်လမ်း၊ ကျိုက်ပုလဲကျောင်း-ရွာကန်ကြီး-ကုက္ကိုပင်လမ်း၊ လျှော်ဖြူကန်-ပျဉ်သာ-ကျီးပင်ခွ-ကလိန်ခြေလမ်း၊ အလယ်ရွာ-လက်ခုပ်ပင်လမ်း၊ မြင်းခြံ-ဆူးဖြူကွက်-မြင်တော်ကန်လမ်း၊ ကလိန်ခြေဆင်မြီး-ဆည်ကုန်း-မန္တလေး လမ်းများကို ပြုပြင်ဖောက်လုပ်ပေးခဲ့သည်။ ထို့အပြင် ကန်နီကူတိုလမ်းကို ကျောက်ချောခင်းပေးခြင်း၊ ဌေ့ကြီး-တည်ပင်ကုန်းလမ်းအား ဂျင်းခင်းပြုပြင်ခြင်း၊ ကန်တောင်-အင်အုံး-မောင်းတိုင်လမ်း ဂျင်းခင်းပြုပြင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ရှမ်းတဲကုက္ကိုကုန်း (မြွာ-ရေဝေ) လမ်း ဂျင်းခင်းပြုပြင်ခြင်း၊ ရွှေစစ်သည်လမ်း ဂျင်းခင်းပြုပြင်ခြင်းနှင့် မြင်းခြံ-ပင်းတလဲလမ်း ဂျင်းခင်းပြုပြင်ခြင်း လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားသည်။

တည်ဆောက်ပေးခဲ့

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကျေးလက်လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရေးအတွက် ကျေးရွာချင်းဆက် တံတားများကိုလည်း တည်ဆောက်ပေးခဲ့ရာ အောင်းကန်-မိချောင်းကန်-ရွာသစ်ကြီးလမ်းပေါ်တွင် ရေပြွန်လေးစင်း၊ တံတားတစ်စင်း၊ အနောက်ကန်-ရွာသစ်ကြီးလမ်းပေါ်တွင် ရေပြွန်တံတားနှစ်စင်း၊ လက်ပံ-ခါးကော့-အင်းပက်လက်လမ်းပေါ်တွင် ရေပြွန်တံတားနှစ်စင်း၊ မြိုင်သာ-သီတက္ကန်လမ်းပေါ်တွင် ရေပြွန်တံတား တစ်စင်း၊ တည်ပင်ကုန်း-အောင်းကန်-ညောင်ပင်ကုန်းလမ်းပေါ်တွင် ရေပြွန်သုံးစင်း၊ တံတားတစ်စင်း၊ သာစည်ကုန်းတောင်းရွာအဝင်လမ်းပေါ်တွင် ရေပြွန်တံတား တစ်စင်းနှင့် ကန်နီ-ကူတိုလမ်းပေါ်တွင် တံတားတစ်စင်းတို့ကို ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ကျေးလက်ရေရရှိရေး

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ နယ်စပ်/စည်ပင်ဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာနတို့၏ ညွှန်ကြားချက်နှင့်အညီ ကျေးလက်ဒေသ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဆောင်ရွက်ပေးနေသည်။ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နှစ်လက်မ စက်ရေတွင်းများကို မိတ္ထီလာမြို့နယ်အတွင်းရှိ ခင်သာ၊ ညောင်ပင်လှ၊ ပျော်ဘွယ်စံပြ၊ အရှေ့စံပြ၊ ညောင်ပင်အေး၊ ဝါးသုံးတော၊ ရွာသစ်၊ အင်ကြင်းစု၊ ဒဟတ္တန်း၊ အရာတော်၊ နဘဲကုန်းရွာ ၁၁ရွာတို့တွင် ရေစက်ရုံနှင့် အုတ်ကန်အပါအဝင် တူးဖော်ပေးခဲ့သည်။ ယခုအခါ ကျေးလက်ပြည်သူများမှာ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိနေသဖြင့် ဝမ်းမြောက်ပျော်ရွှင်နေကြပေပြီ။ ယနေ့ မိတ္ထီလာမြို့သည် ဖွံ့ဖြိုးတိုးတက် သန့်ရှင်းသာယာလှပနေသကဲ့သို့ ကျေးလက်နေ ပြည်သူများမှာလည်း သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိပြီး ကျေးလက်လမ်းများမှာလည်း ကောင်းမွန်စွာ လွယ်လင့်တကူ သွားလာနေရသဖြင့် ဒေသထွက်ကုန် ဆန်စပါး၊ ပဲ၊ နှမ်း၊ ပြောင်း၊ ဝါ၊ သီးနှံစုံ မြို့ပေါ်ဈေးကွက်သို့ လွယ်ကူစွာ တင်ပို့ရောင်းချနိုင်သဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်တွင် သောက်သုံးရေရရှိရေးအတွက် ရေဂါလန် ၆၀၀၀ဆံ့ ရေစင်မှတစ်ဆင့် ဖြန့်ဝေပေးနေသည်။ (မြန်မာ့အလင်း)

ယနေ့ မိတ္ထီလာမြို့သည် ဖွံ့ဖြိုးတိုးတက် သန့်ရှင်းသာယာလှပနေသကဲ့သို့ ကျေးလက်ပြည်သူများမှာလည်း သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိပြီး ကျေးလက်လမ်းများမှာလည်း ကောင်းမွန်စွာ အလွယ်တကူ သွားလာနေရသဖြင့် ဒေသထွက်ကုန် ဆန်စပါး၊ ပဲ၊ နှမ်း၊ ပြောင်း၊ ဝါ၊ သီးနှံစုံ မြို့ပေါ်ဈေးကွက်သို့ လွယ်လင့်တကူ တင်ပို့ရောင်းချနိုင်သဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီ။

မိတ္ထီလာမြို့ စက်မှုဇုန်(၁)လမ်းကို ဤသို့ ပြုပြင်ဖောက်လုပ် ခင်းကျင်းပေးခဲ့သည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်ဖွင့်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၊ အဖွင့်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒသမအကြိမ် နှစ်ပတ်လည်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြခန်းများဖွင့်ပွဲ အခမ်းအနားကို အဆောက်အအုံ ဥပစာ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် တာဝန်ရှိသူတို့က ပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြခန်းများနှင့် ခွေးလိမ္မာပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် ဒသမအကြိမ်နှစ်ပတ်လည် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် ဒသမအကြိမ်နှစ်ပတ်လည် အခမ်းအနားသို့ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဝန်ကြီးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက အသင်းဝင်များ စည်းရုံးရေးစွမ်းဆောင်ရည်ဆု ရရှိသူအား ဆုများပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒသမအကြိမ် နှစ်ပတ်လည်ဖွင့်ပွဲ အခမ်းအနားတွင် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

● *ကျော့ဖုံးမှ*

ဗီတာမင်ချို့တဲ့မှုအပေါ် ဆန်းစစ်သုတေသနပြုခဲ့ရာ ရောဂါမှာပို၍ဆိုးရွားစေနိုင်ကြောင်း အချက်ကို လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။

လေ့လာတွေ့ရှိ

ယင်းတို့သည် သွေးကြောများအတွင်း ဗီတာမင်ဒီဓာတ်ပါဝင်နှုန်းကို ပန်းနာရင်ကျပ်ဝေဒနာခံစားနေရသူ ၅၄ ဦးအား သုတေသနပြု စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ သွေးကြောအတွင်း ဗီတာမင်ဒီများသော ဝေဒနာရှင်များထက် နည်းသောသူများမှာ ရောဂါပို၍ဆိုးရွားစေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။

သစ်သီးဝလံ

ထို့ကြောင့် ဗီတာမင်ဒီဓာတ် ကြွယ်ဝသော နွားနို့၊ ကြက်ဥ၊ ငါးနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ပြည့်ပြည့်ဝဝ စားသုံးပေးသင့်ကြောင်း အဆိုပါပညာရှင်အဖွဲ့က အကြံပြုတင်ပြထားသည်။ ။ *ကိုးကား-ဆင်ဟွာသတင်း*

Air Bagan Myanmar Masters 2010

ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၃၀

Asian Development Tour နှင့် မြန်မာ ပီဂျီအေတို့ ပူးပေါင်းစီစဉ်ပြီး Air Bagan Ltd. ကအဓိကပံ့ပိုးကူညီ၍ International Beverages Trading Co.,Ltd. (IBTC)က ထပ်မံ ပံ့ပိုးကူညီသည့် Air Bagan Myanmar Masters 2010 ဂေါက်သီးရိုက်ပြိုင်ပွဲတတိယနေ့ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပန်းလှိုင် ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

တတိယနေ့ပြိုင်ပွဲများအပြီးတွင် Gavin Flint (သြစတြေးလျ)က သုံးရက်ပေါင်းရိုက်ချက် ၂၀၆ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ အောင်ဝင်း (မြန်မာ)က သုံးရက်ပေါင်းရိုက်ချက် ၂၁၀ဖြင့် ဒုတိယနေရာလိုက်နေပြီး HSU Chia-jen တရုတ် (ထိုင်ပေ)နှင့် Akhmal Tarmizee (မလေးရှား)တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၁ချက်စီဖြင့် တတိယနေရာလိုက်နေကြသည်။ ပြိုင်ပွဲနောက်ဆုံးနေ့ ပွဲစဉ်များကို ဇန်နဝါရီ ၃၁ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂေါက်သီးအားကစားဝါသနာရှင်များအနေဖြင့် ဝင်ကြေးအခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

ကူညီပံ့ပိုး

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် Air Bagan Ltd.က အဓိကကူညီပံ့ပိုးပြီး Presenting Sponsor အဖြစ် International Beverages Trading Co.,Ltd .(IBTC) ကထပ်မံကူညီပံ့ပိုးပေးကာ Max Myanmar, Pun Hlaing Golf Club, Hotel Yangon, MGF, MPGA တို့ကလည်း ထပ်မံကူညီပံ့ပိုးပေးကြောင်းသိရသည်။

(သတင်းစဉ်)

ပန္နက်တိုင်ရိုက်

မြဝတီမြို့နယ် မဲ့ပလဲ့ကျေးရွာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၁ရက်က အဆိုပါရုံး မြေနေရာ၌ ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းတင်လှနှင့်အဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာနေ ပြည်သူများတက်ရောက်ကြပြီး ကျေးရွာ ဥက္ကဋ္ဌ ဦးစိုင်းတင်လှက ပန္နက်တိုင် ရိုက်သွင်းပေးစဉ်။

(၁၀၁)

ပြည်သူအများ ကျန်းမာသန့်ရှင်းရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

သတင်းမှတ်စု - ခင်အေးကြူ (ရွှေသန်လျင်)

စာရေးသူနေထိုင်သည့် သန်လျင်မြို့သည် ဒုတိယပန်းမြို့တော်ဟု ခေါ်ဆိုနိုင်လောက်အောင် သန့်ရှင်းသာယာလှပ၍ လေကောင်းလေသန့် အမြဲရရှိပါသည်။ မြို့၏ မြေအမျိုးအစားမှာ သဲမြေဖြစ်သဖြင့် မိုးရာသီတွင် မိုးရွာပြီးသည်နှင့် ရေမဝပ်ဘဲ ခြောက်သွေ့သွားပါသည်။ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကလည်း ရေစီးရေလာကောင်းမွန်အောင် ရေမြောင်းများတူးဖော်ပေးပြီး အမှိုက်သရိုက်များ မရှိစေရေးအတွက် နေ့စဉ်သန့်ရှင်းရေး ဆောင်ရွက်ပေးပါသည်။ နေအိမ်များမှထွက်သည့် အမှိုက်သရိုက်များကို ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ဖြင့် နေ့စဉ်ဆောင်ရွက်ပေးပါသည်။

စနစ်တကျစွန့်ပစ်

မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သန့်ရှင်းသာယာရေး ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူအများစုကလည်း အမှိုက်သရိုက်များ စနစ်တကျ စွန့်ပစ်ခြင်း၊ ရေမြောင်းများတွင် အမှိုက်သရိုက်များ၊ ရေဆိုးရေပုပ်များ စည်းကမ်းမဲ့စွာ မစွန့်ပစ်ခြင်း စသည်ဖြင့် စည်းကမ်းရှိကြပါသည်။

အိမ်တိုင်းတွင် အဝီစိတွင်းများ၊ ရေတွင်းများတူးဖော်ထားရှိကြသည့်အပြင် အများပြည်သူ အသုံးပြုနိုင်သည့် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေတွင်းများရှိပါသည်။ စာရေးသူ၏ မိခင်ကြီးသည် အသက် ၇၃နှစ်ကျော်ပြီဖြစ်ပါသည်။ မိခင်ကြီးမှာ သွေးတိုးရောဂါ၊ ပန်းနာရင်ကျပ်ရောဂါရှိသဖြင့် လေကောင်းလေသန့်ရရှိရေးအတွက် ခြံဝင်းထဲတွင် နှင်းဆီ၊ စံပယ်၊ သရက်၊ ပိန္နဲ၊ မာလကာပင်များကို စိုက်ပျိုးထားသည့်အပြင် ညမွှေးပန်းပင်များကိုပါ စိုက်ပျိုး ထားပါသည်။ ညဘက်တွင် ဆောင်းလေတဖြူးဖြူးနှင့် ညမွှေးပန်းအနံ့လေး ရှူလိုက်ရလျှင် အမေ့ရင်ထဲ အေးမြပြီး လန်းဆန်းသွားတယ်ဟု ပြောပါသည်။ စာရေးသူ၏ နေအိမ်တွင် အဝီစိတွင်းတူးထားပါသည်။ ထွက်ရှိသည့် ရေမှာလည်း ကြည်လင်သန့်ရှင်းပါသည်။ စာရေးသူ၏ ခြံနှင့်ကပ်လျက် လမ်းသွယ်တွင် စည်ပင်သာယာအဖွဲ့ပိုင် ရေတွင်းကြီး ရှိပါသည်။ အဆိုပါရေတွင်းကြီးမှာ စာရေးသူမမွေးခင်ကတည်းကရှိသည့် ရေတွင်းကြီးဖြစ်ပါသည်။ အဆိုပါရေတွင်းကြီးမှ ရေကို သောက်ရေ၊ သုံးရေအဖြစ် ရပ်ကွက်နေပြည်သူများက အသုံးပြုလျက်ရှိပါသည်။

ရှူရှိုက်မိ

၂၀၀၉ခုနှစ်အကုန် နှစ်သစ်ကြိုသော ညတစ်ညတွင် စာရေးသူ၏ မိခင်ကြီးမှာ မျက်စိခွဲစိတ်ထားသဖြင့် ညဘက်တွင် မျက်စဉ်းဆေးခတ်ပေးပြီး အိပ်ပျော်သွားသည့်အခါ ခြင်ထောင်ချပေးခဲ့ပါသည်။ ထို့နောက် စာရေးသူ အပေါ်ထပ်တွင် ဘုရားရှိခိုး၍ ပဋ္ဌာန်းရွတ်ဖတ်နေသည့်အချိန်တွင် ကာဗွန်ဒိုင်အောက်ဆိုက်အနံ့ဖြစ်သည့် မိလ္လာအနံ့ဆိုးမှာ ဝုန်းခနဲရရှိပြီးသည်နှင့် တစ်ပြိုင်နက် မိခင်ကြီးက "သမီးရေ အမေအသက်ရှူကျပ်တယ်"ဟု အော်သံကြား၍ ပြေးဆင်းသွားသည့်အခါ မိခင်ကြီးမှာ သတိလစ်နေပါသည်။ စာရေးသူမှာလည်း ဆရာဝန်အား ချက်ချင်းခေါ်ယူခဲ့ရပါသည်။ ဆရာဝန်က အိပ်ပျော်နေစဉ်တွင် မကောင်းသည့် အနံ့အသက်ကို ရှူရှိုက်မိခြင်းကြောင့်ဖြစ်ကြောင်း ပြောပြပါသည်။ စာရေးသူက ဘယ်ကများ ရေဆိုးရေပုပ်အနံ့ထွက်သလဲဟု ရှာဖွေလိုက်သည့်အခါ အိမ်နီးချင်း တစ်ဦးသည် မိလ္လာကန်မှ ရေဆိုးရေပုပ်များကို ရေစုပ်စက်အသေးဖြင့် စုပ်ယူ၍ အများပြည်သူရေမြောင်းထဲသို့ စွန့်ပစ်နေကြောင်း တွေ့ရှိရပါသည်။ ထိုရေဆိုး ရေပုပ်များမှာ ရေမြောင်းမှတစ်ဆင့် ရေတွင်းထဲသို့ စီးဝင်သွားနိုင်ပါသည်။

စာရေးသူ၏ ဖခင်ကြီးသည် စည်ပင်သာယာရေးအဖွဲ့မှ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်၍ ယခုအခါတွင် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ဖခင်ကြီး ဧရာဝတီတိုင်းရှိ မြို့နယ်တစ်မြို့နယ်တွင် ၁၉၈၈ခုနှစ်မတိုင်မီ ၁၉၇၉ခုနှစ် တာဝန်ထမ်းဆောင်ခဲ့စဉ်အချိန်က ယခုလို ရေပုပ်စက်ယာဉ်များ မရှိသေးပါ။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ညသန့်ရှင်းရေးဝန်ထမ်းများသည် ပုံးများဖြင့် မိလ္လာကန်များမှ ခပ်ယူ၍ ကားပေါ်ရှိ ကတ္တရာပုံးခွံဟောင်းတိုင်ကီများဖြင့် သယ်ယူ၍ သတ်မှတ်သည့်နေရာတွင် စနစ်တကျသွားရောက် စွန့်ပစ်ရပါသည်။ စာရေးသူ၏ ဖခင်ကြီးသည် ညဘက်တွင် မိလ္လာများစနစ်တကျ သိမ်းဆည်းခြင်း ရှိ မရှိ စစ်ဆေးရသည်။ "မိလ္လာသိမ်းဆည်းတဲ့အခါ မိလ္လာလမ်းကြား (ဒူလမ်းကြား၊ အိန္ဒိယမှ အခေါ်အဝေါ်)မှတစ်ဆင့် မိလ္လာသိမ်းဆည်းရတယ်။ မိလ္လာလမ်းကြားက အနည်းဆုံး ၁၀ပေလောက်ကျယ်ရတယ်သမီး"လို့ ပြောကြားခဲ့ပါတယ်။ "ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာတိုင်းမှာ မိလ္လာကန် နှစ်ကန်ထားရှိရတယ်။ စွန့်ပစ်လိုက်တဲ့ မစင်ကန်၊ ရေဆိုးကန်တို့ဖြစ်တယ်။ ရေဆိုးရေပုပ်တွေကို အများပြည်သူဆိုင်ရာ ရေမြောင်းထဲကို စွန့်ပစ်ရင် အနံ့ပြင်းလှတဲ့အတွက် ပတ်ဝန်းကျင် နေထိုင်သူတွေ၊ ဖြတ်သန်းသွားလာသူတွေကို ကျန်းမာရေးထိခိုက်နိုင်တယ်။ ဒါ့အပြင် ရေဆိုးရေပုပ်တွေ သောက်သုံးရေတွင်း၊ ရေကန်တွေထဲ စီးဝင်သွားရင် ပြည်သူတွေ ဝမ်းရောဂါအပြင် အခြားရောဂါတွေ ဖြစ်တတ်တဲ့အတွက် ရေစီးရေလာကောင်းမွန်ဖို့ ဖောက်လုပ်ထားတဲ့ရေမြောင်းထဲကို ရေဆိုးရေပုပ်များ မစွန့်ပစ်ရဘူး"ဟုလည်း ပြောခဲ့ဖူးပါသည်။

ရေဆိုးရေပုပ်များစွန့်ပစ်

ယခုအခါတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၌ ရေပုပ်စက်ယာဉ်များရှိလာပြီး ဖြစ်သည့်အတွက် မိလ္လာကန်ပြည့်ပြီဆိုလျှင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ အကြောင်းကြားလိုက်သည်နှင့် တစ်ပြိုင်တည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လာရောက်သိမ်းဆည်းပါသည်။ ထိုကဲ့သို့ ပြည်သူများ ကျန်းမာရေးသန့်ရှင်းရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်နေသည်ကို တချို့ပြည်သူများသည် မိမိကိုယ်ကျိုးအတွက် ရေစုပ်စက်အသေးစားဖြင့် မိလ္လာကန်မှ ရေဆိုးရေပုပ်များကို ညအချိန်မတော်စုပ်ယူ၍ အများပြည်သူဆိုင်ရာ မြောင်းအတွင်းသို့ စွန့်ပစ်ကြပါသည်။

အများပြည်သူဆိုင်ရာ မြောင်းများ ဖောက်လုပ်တူးဖော်ထားသည်မှာ အဆိုပါ ရေပုပ်ရေဆိုးများ စွန့်ပစ်ရန် မဟုတ်ကြောင်းကို မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် (သို့) ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ၊ ညီညွတ်မှုမရှိလျှင် အမှိုက်၊ မိလ္လာအညစ်အကြေး စသည်တို့ကို လမ်းပေါ် (သို့) စွန့်ပစ်ရန် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရဟု ဥပဒေဖြင့် ပြဋ္ဌာန်းဖော်ပြထားပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၄/၂၀၀၉) နေပြည်တော် စည်ပင်သာယာရေးဥပဒေ၊ အခန်း(၃)၊ ကော်မတီ၏ လုပ်ငန်းတာဝန်များတွင် မိလ္လာလုပ်ငန်းနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း ပါရှိပါသည်။ မိလ္လာသိမ်းဆည်းခြင်း၊ ရေဆိုးများသန့်စင်ခြင်းကို နေပြည်တော် စည်ပင်သာယာရေးကော်မတီကသာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဖောက်ဖျက်ကျူးလွန်

အဆိုပါဥပဒေ အခန်း (၉)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ပုဒ်မ(၂၆)တွင် မည်သူမဆို ဤဥပဒေအရ ကော်မတီက ထုတ်ပြန်သည့် စည်းကမ်းတစ်ရပ်ရပ်ဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း (သို့) လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ပုဒ်မ (၂၇)တွင် ပုဒ်မ(၂၆)အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်လျှင် (သို့) လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ခြင်း (သို့) ပျက်ကွက်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ်ကျပ်တစ်သောင်းမှ အများဆုံး ငွေဒဏ်ကျပ်ငါးသောင်းအထိ ချမှတ်ရမည်ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် အများပြည်သူဆိုင်ရာ ရေမြောင်းများသို့ ရေဆိုးရေပုပ်များ စွန့်ပစ်ခြင်းသည် အယူအဆလွဲမှားစွာ အသုံးပြုခြင်းဖြစ်ပါသည်။

သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ပြည်သူများ ကျန်းမာသန့်ရှင်းရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိရာ **"စီးတဲ့ရေ ဆည်တဲ့ကန်သင်း"**ဆိုသကဲ့သို့ ပြည်သူများကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

*** ရွှေဖုံးမှ**

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသ၊ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသည့် နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တကဝိသာရနှင့် ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိမလာဘိဝံသတို့ အမှူးပြုတော်မူသော ဆရာတော် သံဃာတော် ၄၅ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် မဟာရွှေစည်ကြီးစေတီတော်သို့ နံနက် ၅နာရီတွင် ရောက်ရှိလာကြပြီး စေတီတော်အရှေ့ဘက်မုခ်ရှိ မဟာမုနိဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်း၊ ပန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

အနေကဇာတင်

ထို့နောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို နံနက် ၅နာရီ ၁၅မိနစ်တွင် မဟာရွှေစည်ကြီး စေတီတော်၌ ကျင်းပရာ ဆရာတော် သံဃာတော် ၄၅ပါးတို့က မဟာရွှေစည်ကြီးစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် စေတီတော်ပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်၌ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို နံနက် ၈နာရီတွင် စေတီတော်ပရိဝုဏ်၌ ကျင်းပရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြ ပရိသတ်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစ စဉ်။

ဝင်များနှင့် ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ရေးဦးစွာ အခမ်းအနားမှူး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးထင်လင်းက အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

သီလခံယူဆောက်တည်

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိမလာဘိဝံသထံမှ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ အမှူးပြုသော ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့က

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြစဉ်။ (သတင်းစဉ်)

အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများသည် ဆရာတော် သံဃာတော် ၄၅ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဒေသထုံးတမ်းစဉ်လာများနှင့်အညီ လောင်းလှူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဆွမ်းဆန်စိမ်း လောင်းလှူကြသည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချမင်္ဂလာ အခမ်းအနားကို နံနက် ၉နာရီ ၁၅ မိနစ်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင် မြင့်ဦးနှင့်ဇနီးတို့ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် မြို့မိမြို့ဖများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ အဖွဲ့ ယင်းနောက် ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

စည်ကားသိုက်မြိုက်

မဟာရွှေစည်ကြီး စေတီတော် ဒသမအကြိမ် ဗုဒ္ဓပူဇနိယ ပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၂၇ရက်တွင် လည်းကောင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ဇန်နဝါရီ ၂၈ရက် ညပိုင်းတွင်လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲများကို ဇန်နဝါရီ ၂၇ရက်မှ ၂၉ရက်အထိ လည်းကောင်း စေတီတော်ပရိဝုဏ်နှင့်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ **အင်္ဂုဇယမင်္ဂလံ** (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၂၀ ၈။ တေးဂီတအစီအစဉ်
၈း၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ **လက်တွေ့ပြချင်လို့**

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၆၈)
၁၂း၀၅ ၃။ Golf Magazine(TV)
၁၂း၃၀ ၄။ မြန်မာရုပ်ရှင် **မိုးကုပ်စက်ဝိုင်းကို ကျော်လွန်၍** လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ မြတ်ကေသီအောင် (ဒါရိုက်တာ-ဦးတင်ယု)
၁၅း၀၀ ၅။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၁၅ ၃။ **အိုးပိုင်အိမ်ပိုင်**
၄း၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(စီးပွားရေးပညာ အထူးပြု)(စီးပွားရေးပညာ)
၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀ ၆။ မွေးကင်းစကလေးပြုစုစောင့်ရှောက်ရေး (အပိုင်း-၂)
၅း၁၀ ၇။ တေးဂီတအစီအစဉ်
၅း၂၅ ၈။ ဆိုကြမယ်၊ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ **တစ်မျက်နှာတစ်ကွက်စာ စိန်သားနှစ်လိပ်ပြာ** ခိုင်ပွင့်၊ ဝါဝါအောင် ဒါရိုက်တာ-မေတင်(MMG)
၆း၄၀ ၁၂။ တေးဂီတအစီအစဉ်
၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား**(အပိုင်း-၉)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၈။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၈၂)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၄)
၂၀။ ရုပ်သံကြော်ငြာများ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ပရိသတ်များ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

စေတီတော် ရင်ပြင်တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် ကန့်ဘလူမြို့သို့ ရောက်ရှိသည့် ဇန်နဝါရီ ၂၈ရက် ညနေပိုင်းတွင် မဟာရွှေစည်ကြီး သာသနာ့ဗိမာန်တော်၌ ကျင်းပသော ကန့်ဘလူမြို့ရှိ အသက် ၈၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ကြ ဘဒ္ဒန္တ အာစာရအား ဖူးမြော်ကြည်ညို၍ သာသနာရေး ဆိုင်ရာများကို မေးမြန်း လျှောက်ထားကြကာ စာသင်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ ကန့်ဘလူမြို့ရှိ အသက် ၈၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ရှိခိုးကန်တော့ကြစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ဆွမ်းဆန်စိမ်း လောင်းလှူကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြီး သက်ကြီးဘိုးဘွားများအား ရှိခိုးကန်တော့ကြသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် သက်ကြီးဘိုးဘွားများအား ကန်တော့လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် မဟာရွှေစည်ကြီးပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကြပြီး စာသင်တိုက်ပဓာနနာယက ဆရာတော်

ထို့နောက် ကန့်ဘလူမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ဆရာ ဆရာမများနှင့် တာဝန်ရှိသူများအား ကျောင်း၏ ပညာသင်ကြားပေးမှု အခြေအနေများကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့ ဖွံ့ဖြိုးစည်ပင်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

အရှေ့ပိုင်းဒေသများ ညအပူချိန်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၃၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီ စင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး မွန်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိရှိခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၃၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၃၁-၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**အပြစ်ကင်းအောင်နေ** တရားတော် (ဆရာတော်ထီလာအရှင်သုန္ဒရ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် [ရေဆင်းအဝင် နှစ် (၃၀)ပြည့် အထိမ်းအမှတ် အာစရိယပူဇော်ပွဲ]
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာမေတ္တာကမ္ဘာ** (အပိုင်း-၇)
၈း၃၀	Sports World (Sunday Special)
၈း၅၅	အပေးအယူ-ချစ်ကြည်ဖြူ **ခြင်း** မူစာဂ-မျှစိတ္တ
၉း၁၀	ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
၉း၂၅	သီးနှံစိုက်ပျိုးအထွက်တိုး မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ
၉း၃၅	Sunday Talk [စာရေးဆရာ ကျော်ဝင်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၁၀း၄၅	Activities in the City (အထက-၁၊ ပုဇွန်တောင် အာစရိယ ပူဇော်ပွဲ)
၁၁း၁၀	မြန်မာ့ပန်းပု အနုပညာပွဲတော် (အနုပညာရှင်များ) (ဒါရိုက်တာ-နေမင်းမြတ်)
၁၁း၃၅	ဗီဒီယိုပြခန်း
၁၁း၅၅	ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
၁၂း၁၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၁၄)
၁း၀၀	**အပြစ်ကင်းအောင်နေ** တရားတော် (ဆရာတော်ထီလာအရှင်သုန္ဒရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	စကားနပန်း (နိုင်ငံခြားသွားတာကောင်းတယ်၊ နိုင်ငံခြားမသွားတာကောင်းတယ်)
၃း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာမေတ္တာကမ္ဘာ** (အပိုင်း-၇)
၄း၂၀	Activities in the City (အထက-၁၊ ပုဇွန်တောင် အာစရိယပူဇော်ပွဲ)
၄း၄၀	ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
၅း၁၀	အပေးအယူ-ချစ်ကြည်ဖြူ **ခြင်း** မူစာဂ-မျှစိတ္တ
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Milestones of Contemporary Music Selection
၆း၅၅	ဈေးဝယ်လမ်းညွှန် (Mo Ni Su)
၇း၂၅	FMF Selection
၈း၀၀	MRTV-4 သတင်း
၈း၃၀	စကားနပန်း (နိုင်ငံခြားသွားတာကောင်းတယ်၊ နိုင်ငံခြားမသွားတာကောင်းတယ်)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာမေတ္တာကမ္ဘာ** (အပိုင်း-၇)
၁၀း၀၀	Royal Reward Resort နှင့် သူ၏ ဆုလာဘ်သခင်
၁၀း၁၅	နူးညံ့လှပ တေဇဂုဏ်ယိမ်းအက
၁၀း၂၅	Barclays Premier League **Arsenal Vs Man Utd**
၁၂း၂၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၄)
၁၂း၅၅	**ကွက်လပ်ဖြည့်ပါ** ထွန်းထွန်း၊ ရဲလေး၊ သက်အောင်၊ ဖြိုးမောင်မောင်၊ မိုးပြည့်ပြည့်မောင်၊ သဇင်၊ ဒေါ်တင်တင်လှ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်များ	ပြသမည့်လိုင်း
၇း၅၅	Man City-Portsmouth	ESPN(Live)
၁၀း၂၅	Arsenal-Man Utd	ESPN(Live)

နိုင်ငံတော်က ဝန်ထမ်းများအပေါ် ထားရှိသည့် စေတနာကို နားလည်သဘောပေါက် လုပ်ငန်းများကို အသိစိတ်ဓာတ်ရှိရှိ၊ စိတ်ကောင်းရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်

ရရှိပြီးအောင်မြင်မှုများထိန်းသိမ်းပြီး ထပ်ဆင့်အောင်မြင်မှုများ ဆက်လက်ရယူ

နေပြည်တော် ဇန်နဝါရီ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရဝန်ထမ်းများအား ဆုများကိုပေးအပ်ချီးမြှင့်သည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူး၊ အထွေထွေမန်နေဂျာများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ စာပေပညာရှင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများ၏ နှစ်ပတ်လည်နေ့အခမ်းအနားများကို ရည်ရွယ်ချက် (၂)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမရည်ရွယ်ချက်မှာ ယခင်နှစ်၌ မိမိဌာနအတွက် သတ်မှတ်ပေးထားသည့် ရည်မှန်းချက် တာဝန်များအား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များအပေါ် ပြန်လည်သုံးသပ်ပြီး ယခုနှစ်၌ ပိုမိုတိုးတက်သည်ထက် တိုးတက်အောင် စီမံဆောင်ရွက်သွားနိုင်ရေးအတွက် ဖြစ်ကြောင်း။

ဒုတိယရည်ရွယ်ချက်မှာ ချီးမြှင့်ထိုက်သူများအား ဆုချီးမြှင့်ခြင်းဖြင့် ဌာနလုပ်ငန်းများ ပိုမိုတိုးတက်ထက်မြက်လာစေရေးပင်ဖြစ်ကြောင်း။

အားသွန်ခွန်စိုက်

ယခုရည်ရွယ်ချက်များကို ဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီး၏ နှစ်ပတ်လည်နေ့အခမ်းအနားများတွင် မကြာခဏပြောကြားနေခြင်းမှာ ရိုးရှင်းသည့်ရည်ရွယ်ချက်ဖြစ်သော်လည်း ဝန်ထမ်းများအနေဖြင့် အမြဲအလေးထား လိုက်နာကျင့်သုံးကြရမှာ ဖြစ်ကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြီးခဲ့သည့် ၂၀၀၉-၂၀၁၀ခုနှစ်တွင် ဝန်ကြီးဌာနက ချမှတ်ပေးသည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေနပ်အားရဖွယ်ဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်း၊ ခရိုင်အချို့တို့မှာ လုပ်ငန်းတာဝန်များကို တက်တက်ကြွကြွ ဆောင်ရွက်နေကြသည်ကို တွေ့ကြရသကဲ့သို့ အားနည်းချက်များရှိသည်ကိုလည်း တွေ့ရှိရသည့်အတွက် မိမိတို့လုပ်ငန်းတာဝန်များကို ယခုထက် ပိုမိုအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

၂၀၁၀-၂၀၁၁ ခုနှစ်တွင် ပြည်နယ်၊ တိုင်း၊ ခရိုင်တို့မှ ဦးစီးဌာနမှူးများက ဌာနလုပ်ငန်းများ အောင်မြင်ရေးအတွက် မိမိတို့ တိုင်း၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်းများအား ထိတွေ့ပံ့ပိုးမှုပေးနိုင်အောင် နည်းလမ်းရှာကြံကျင့်သုံးကြရမှာဖြစ်ကြောင်း၊ ယခုနှစ်တွင် ဌာန၏ ဂုဏ်ပြုချီးမြှင့်မှုဇယားအရ ဝန်ထမ်းများအား ကျယ်ကျယ်ပြန့်ပြန့် ချီးမြှင့်ထားသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ယနေ့ နိုင်ငံတော်အစိုးရက ဝန်ထမ်းများအပေါ် ထားရှိသည့် စေတနာကို ဝန်ထမ်းများအနေဖြင့် နားလည်သဘောပေါက်ပြီး မိမိတို့တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရမှာဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဦးစီးဌာနမှူးများကလည်း မိမိတို့ အရပ်ဒေသတို့သို့ ပြန်လည်ရောက်ရှိကြသည့်အခါ မိမိဌာနအောက်ရှိ ဝန်ထမ်းများအား နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသွားရမှာ ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ၌ ''မေတ္တာရင်ငွေ့ခြုံမှ လုံနိုင်မယ်လေ'' စာမူဖြင့် ပထမဆုရ ဒေါ်နုနုသိန်း(သိမ့်-စီးပွားရေးတက္ကသိုလ်) အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သတ်မှတ်တာဝန်ပေး

၂၀၀၉-၂၀၁၀ ခုနှစ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် လုပ်ငန်းရည်မှန်းချက် တာဝန် (၁၁)ရပ်ကို သတ်မှတ်ခဲ့ရာမှ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် လုပ်ငန်းတာဝန် တစ်ရပ်ကို ထပ်တိုးသတ်မှတ်ပြီး မူလသတ်မှတ်ထားသည့် လုပ်ငန်းတာဝန်တစ်ရပ်ကိုလည်း ဖြည့်စွက်၍ စုစုပေါင်း လုပ်ငန်းတာဝန်(၁၂)ရပ် သတ်မှတ်တာဝန်ပေးသွားမှာဖြစ်ကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆောင်ရွက်ရမည့် ၂၀၁၀-၂၀၁၁ခုနှစ် လုပ်ငန်းတာဝန်များမှာ-

(၁) ၂၀၁၀ခုနှစ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် Media နည်းဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်။

(၂) ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ရေးနှင့် ဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။

(၃) ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရ တိုးတက်ရန်နှင့် ဖြန့်ဝေမှုစနစ်ခိုင်မာစေရန်။

(၄) ကျေးရွာတိုင်း စာနယ်ဇင်း သတင်းစာအနည်းဆုံး တစ်စောင်ရောက်အောင် စည်းရုံးဆောင်ရွက်ရန်။

(၅) ကျေးရွာတိုင်း ရုပ်မြင်သံကြား ဖမ်းစက်တစ်လုံးရရှိရေး စည်းရုံးဆောင်ရွက်ရန်။

(၆) အိမ်ထောင်စုတိုင်း ရေဒီယိုတစ်လုံးရှိရေး စည်းရုံးဆောင်ရွက်ရန်။

(၇) ကျေးရွာတိုင်း၊ မြို့နယ်တိုင်းသို့ တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တစ်ညအိပ်၊ နှစ်ညအိပ်သွားရောက်ပြီး နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲလုပ်ငန်းများ ဆောင်ရွက်ရန်။

(၈) ခရိုင်နှင့် မြို့နယ်ရုံးများ၏ မီဒီယာလုပ်ငန်းများ သွက်လက်ထက်မြက်ပြီး အရည်အသွေး မြင့်မားအောင် ဆောင်ရွက်ရန်နှင့် Pro-Government ဖြစ်ရေးဆောင်ရွက်ရန်။

(၉) ခရိုင်နှင့် မြို့နယ်ရုံးများသည် မိမိဒေသအတွင်းဖြစ်ပေါ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို သိရှိရန်၊ အချိန်နှင့် တစ်ပြေးညီတင်ပြရန်နှင့် တန်ပြန်မှုများဆောင်ရွက်ရန်။

(၁၀) အမျိုးသား အကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသော မီဒီယာသမားကောင်းများ ဖြစ်စေရန်။

(၁၁) စိုက်ပျိုးရေး မွေးမြူရေး ဇောက်ချဆောင်ရွက်ပြီး ဝန်ထမ်းများ သက်သာချောင်ချိရေး တိုးမြှင့်ဆောင်ရွက်ပေးရန်။

(၁၂) မြန်မာမီဒီယာလောကကို အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံသည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင် ဖြစ်လာရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဌာနလုပ်ငန်းများကို အကောင်အထည်ဖော်ကြရာတွင် အဆင့်ဆင့်သော ဝန်ထမ်းများက အသိစိတ်ဓာတ်ရှိရှိ၊ စိတ်ကောင်းစေတနာကောင်းရှိရှိဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ရရှိပြီးသားအောင်မြင်မှုများကို ဆက်လက် ထိန်းသိမ်းပြီး ထပ်ဆင့်အောင်မြင်မှုများ ဆက်လက်ရယူသွားကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်က ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းဆုရရှိကြသည့် မန္တလေးတိုင်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းနှင့် မိုးညှင်းခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးမာန်ငိုင်း၊ ခရိုင်စံပြဆုရ မုံရွာခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်း၊ စံပြမြို့နယ်ဆုရ မြစ်သားမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်၊ ဒို့ကျေးရွာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် ''မေတ္တာရင်ငွေ့ခြုံမှ လုံနိုင်မယ်လေ''စာမူဖြင့် ပထမဆုရ ဒေါ်နုနုသိန်း(သိမ့်-စီးပွားရေးတက္ကသိုလ်)၊ ''ဖားမျက်စိတောင်မှ လည်ပါတယ်တော်ရေ့''စာမူဖြင့် ဒုတိယဆုရဦးရွှေသိန်း(မောင်ခြိမ့်)၊ ''အားမာန်ဝင့်၍ ခေတ်သစ်ဆီ''စာမူဖြင့် တတိယဆုရ ဦးအောင်စိုး(နောင်စိုး-ထားဝယ်)၊ ''မီးရှူးတန်ဆောင် ဂုဏ်ရောင်မြင့်မား စာကြည့်တိုက်များ'' ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ရုံးချုပ်မှ ဓာတ်ပုံကျွမ်းကျင်-၁ ဦးကျော်ဆွေမိုးကိုယ်စား ဦးစီးအရာရှိ ဦးသန်းအောင်၊ ဒုတိယဆုရ နေပြည်တော် ပျဉ်းမနားခရိုင်ရုံးမှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးမြင့်သန်း၊ တတိယဆုရ ရုံးချုပ်မှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးကိုကိုထွေးနှင့် အထူးဆုရရှိကြသည့် တာချီလိတ်ခရိုင်ရုံးမှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးယာဆေး၊ မင်းလှမြို့နယ်ရုံးမှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးဝင်းမြင့်နှင့် သာယာဝတီခရိုင်ရုံးမှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးခင်ဇော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က သတင်းစာများ၌ သတင်းနှင့်ဓာတ်ပုံအများဆုံး ဖော်ပြနိုင်သည့် ပြည်နယ်နှင့်တိုင်းဆုများတွင် ပထမဆုရ ရန်ကုန်တိုင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ ကျေးရွာများသို့ သတင်းစာရောက်ရှိအောင် ဆောင်ရွက်နိုင်မှုဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်း၊ ငွေစာရင်းစီမံခန့်ခွဲမှုဆိုင်ရာ ပထမဆုရ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ဖြူဖြူ၊ ဒုတိယဆုရ မုံရွာခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးဌေးဝင်းနှင့် တတိယဆုရ လားရှိုးခရိုင်ရုံးမှ အကြီးတန်းစာရေး ဒေါ်ဥမ္မာတို့အားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်း ၂၆၀၁ဦးတို့အတွက် ဂုဏ်ပြုငွေများကို စီမံရေးရာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေအား ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက မီဒီယာလုပ်ငန်းများသွက်လက်ထက်မြက်စွာ အများဆုံး ဆောင်ရွက်နိုင်သည့် မြို့နယ်ရုံးဆုများတွင် ပထမဆုရ တောင်ကြီးမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ရွှေရွှေမြင့် ကိုယ်စား ရှမ်းပြည်နယ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ ဒုတိယဆုရ လှိုင်ကော်မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးစိုးနိုင်နှင့် တတိယဆုရ ငါးသိုင်းချောင်း မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးမြင့်သိန်းကိုယ်စား မြောင်းမြခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်လှကြည်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့်အညီ ဆောင်ရွက်နိုင်မှု မြို့နယ်ရုံးဆုများတွင် ပထမဆုရ စလင်းမြို့နယ်ရုံးမှ ဒုတိယ ဦးစီးမှူး ဦးအောင်မြင့်ဦး၊ ဒုတိယဆုရ နွားထိုးကြီး မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးထိန်လင်းနှင့် တတိယဆုရ အင်ပူမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးသန့်ရှင်းမောင်၊ ကျေးရွာတိုင်း စာနယ်ဇင်း၊ သတင်းစာရောက်ရှိမှု မြို့နယ်ရုံးဆုများတွင် ပထမဆုရ မြင်းခြံမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးဇော်မင်း၊ ဒုတိယဆုရ ပခုက္ကူမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဝင်းမေနှင့် တတိယဆုရ ကျောက်ပန်းတောင်း မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အေးအေးနွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၂၇)တွင် သင်တန်းသူစံပြဆုရရှိခဲ့သည့် ဘုတလင်မြို့နယ်ရုံးမှ အငယ်တန်းစာရေး ဒေါ်မေဇင်မိုး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) စာရေးဝန်ထမ်း အခြေခံ သင်တန်း အမှတ်စဉ် (၁၂၉)တွင် သင်တန်း ထူးချွန် ပထမဆုရရှိခဲ့သည့် ရေကြည် မြို့နယ်မှအငယ်တန်းစာရေး ဒေါ်မိုးစီစီအောင်နှင့် သေနတ်ပစ် ထူးချွန်ဆုရရှိခဲ့သည့် တနင်္သာရီတိုင်းမှ အငယ်တန်းစာရေးဒေါ်မိသူဇာ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အရာထမ်းငယ် အခြေခံ သင်တန်းအမှတ်စဉ်(၄၄)တွင် သေနတ်ပစ် ထူးချွန်ဆုရရှိခဲ့သည့် ရန်ကင်း မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်နု၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ခဲ့သော အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း (၂၂/၂၀၀၉)သင်တန်းတွင် ဒုတိယဆုရ ရှိခဲ့သည့် ရုံးချုပ်သုတေသနနှင့် သတင်း အချက်အလက်ဌာနခွဲမှ သုတေသန လက်ထောက် ဒေါ်ခင်ချောရဲ၊ ဒို့ကျေးရွာ ဂျာနယ်တွင် စာမူအများဆုံး ရေးသားနိုင်သည့် ဆုရ မဟာအောင်မြေမြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သန်းနှင့် သတင်းထိုးစစ်ဆုရ ရုံးချုပ်သုတေသနနှင့် သတင်းအချက်အလက် ဌာနခွဲမှ သုတေသန လက်ထောက် ဦးကျော်နိုင်တင့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကျင်းပခဲ့သည့် ကမ္ဘာ့လူဦးရေနေ့ ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သော ရုံးချုပ် ထုတ်လုပ်ရေးဌာနခွဲမှ စာပေလက်ထောက် -၁ ဒေါ်သင်းသင်းဦးကိုယ်စား ဒုတိယ ဦးစီးမှူး ဒေါ်ဝါဝါဝင်းအေးနှင့် အထူးဆုရ ရုံးချုပ် ထုတ်လုပ်ရေးဌာနခွဲမှ စာပေလက်ထောက်-၁ ဦးသန်းနိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပခဲ့သည့် မြန်မာအမျိုးသမီးများနေ့ ဆောင်းပါးပြိုင်ပွဲတွင် အထူးဆုရရှိခဲ့သည့် ရုံးချုပ်ထုတ်လုပ်ရေးဌာနခွဲမှ စာပေလက်ထောက်-၂ ဒေါ်ချိုနွယ်ဌေးဝင်း၊ ''မျိုးဂုဏ်မြင့်မား မြန်မာပုံရိပ်များ'' ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သည့် ရုံးချုပ်မှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးကိုကိုခိုင်နှင့် အထူးဆုရရှိခဲ့ကြသည့် ရုံးချုပ်မှ ဓာတ်ပုံကျွမ်းကျင်-၁ ဦးကျော်ဆွေမိုးကိုယ်စား ဦးစီးအရာရှိ ဦးသန်းအောင်၊ ရုံးချုပ်မှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးကိုကိုထွေးနှင့် ဦးသက်လွင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဝန်ထမ်းစံပြဆု

ယင်းနောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ဌာနခွဲအလိုက် ဝန်ထမ်းစံပြဆုရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲမှ ဒုတိယဦးစီးမှူး ဦးစိုးမြင့်၊ စီမံရေးရာ ဌာနခွဲမှ ဝန်ထမ်းစံပြဆုရ ဒုတိယဦးစီးမှူး ဦးဝင်းနိုင်ထွန်း၊ ထုတ်လုပ်ရေးဌာနခွဲမှ ဝန်ထမ်းစံပြဆုရ ဒုတိယဦးစီးမှူး ဒေါ်နုနုစိန်နှင့် သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲမှ ဝန်ထမ်းစံပြဆုရ ဒုတိယဦးစီးမှူး ဦးစွမ်းထက်ကျော်၊ နှစ်တိုနှစ်ရှည်စားပင်နှင့် ရာသီအလိုက် သီးနှံများ စိုက်ပျိုးနိုင်မှုဆုရ မော်တော်ယာဉ်ဌာနစုမှ စက်ပြင်-၂ ဦးကိုတင့်၊ တစ်နိုင်မွေးမြူရေးဆုရ သန့်ရှင်းရေးအကူ ဦးသန်းလွင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ထူးချွန်သူ ခြောက်ဦးနှင့် အားကစားထူးချွန်သူ လေးဆုရရှိကြသည့် ဝန်ထမ်းသားသမီးများကိုယ်စား ၂၀၀၈-၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မမေမြတ်မွန်၏ မိခင် ရန်ကုန်မြောက်ပိုင်း ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ဖြူဖြူတို့အား ဆုများပေးအပ်သည်။

ယင်းနောက် ထူးချွန်ဆုရရှိကြသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီးများ ကိုယ်စား မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသည့် စာပေပညာရှင်များနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခန်းမအတွင်း ပြသထားသည့် ''မီးရှူးတန်ဆောင် ဂုဏ်ရောင်မြင့်မား''စာကြည့်တိုက်များ ဓာတ်ပုံပြိုင်ပွဲတွင် ဆုရဓာတ်ပုံများ၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများနှင့် ဝန်ထမ်းများနှင့် မိသားစုများအား ပျော်ရွှင်အောင် ဆောင်ရွက်ပေးမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

စာရေးဆရာ၊ ဒါရိုက်တာ ဆရာကြီး ဦးသုခ၏ နှစ်(၁၀၀)ပြည့် ဂုဏ်ပြုအခမ်းအနားကျင်းပ၊ ဂုဏ်ရည်မတူ ပြဇာတ်တင်ဆက်

သတင်းမှတ်စု-မြတ်သီတာလွင်၊ မြမျက်သွယ်အောင်၊ သတင်းဓာတ်ပုံ-ဆွေဇင်တိုး

ရန်ကုန် ဇန်နဝါရီ ၃၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာ့ရုပ်ရှင်အစည်းအရုံးတွင် စာရေးဆရာ ဒါရိုက်တာ ဆရာကြီးဦးသုခ၏ နှစ်(၁၀၀)ပြည့် ဂုဏ်ပြုအခမ်းအနားကို ယနေ့ နံနက် ၁၁နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ သရုပ်ဆောင် လင်းဇာနည်ဇော်၊ မိုးယုစံ နှင့် ကြယ်စင်စိုးမိုးတို့ ဦးဆောင်၍ ဆီမီးခွက်ယိမ်းအကဖြင့် ပူဇော်ကန်တော့ကာ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ဆရာကြီး၏ တပည့်ရင်းများဖြစ်သော ဦးမြင့်သိန်းဖေ၊ ထပ်ဆင့် အကယ်ဒမီဦးညွန့်ဝင်းနှင့် ဒေါ်မြင့်မြင့်ခင်တို့ဦးဆောင်၍ အနုပညာရှင်မောင်နှမများက အလင်းတိုင်ဖြင့် ကန်တော့ခဲ့ကြသည်။

ထို့နောက် ဆရာကြီး၏ သားတပည့်များနှင့် အနုပညာမျိုးဆက်သစ်လူငယ်များက "မြန်မာ့မြန်မာ့ရုပ်ရှင်" သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။ ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်း ညွှန်ကြားရေးမှူး ဦးရဲဝင်းက ဂုဏ်ပြုအဖွင့်အမှာစကား ပြောကြားပြီး ဦးမြင့်သိန်းဖေက "ဆရာကြီး၏အသက်အရွယ် အပိုင်းအခြားအလိုက် အနုပညာ အရည်အသွေးများကို ရှင်းလင်းပြောကြားကာ ဆရာကြီး ဦးသုခ၏ လက်စွဲဆောင်ပုဒ်ဖြစ်သော သုခိအတ္တာနံ ပရိဟရန္တုကိုရွတ်ဆိုပြီး ဆရာကြီး ရောက်ရာဘုံဘဝမှ ပြုံးပြုံးကြီး ကြည့်နေနိုင်ပါစေကြောင်း" ပြောကြားသည်။

ဖျော်ဖြေပူဇော်

ထို့နောက် ဒါရိုက်တာမလိခစိုးထိုက်အောင်က ကျေးဇူးတင်စကားပြောကြားပြီး အဆိုတော် သရုပ်ဆောင် အကယ်ဒမီများရှင် ချိုပြုံးနှင့် ထပ်ဆင့် အကယ်ဒမီ မို့မို့မြင့်အောင်တို့က ရွှေချည် ငွေချည်တန်းပါလို့ သီချင်းဖြင့် ဖျော်ဖြေ ပူဇော်ပြီး အခမ်းအနား အစီအစဉ်ကို ခေတ္တရပ်နားသည်။

ဦးခိုက်ကန်တော့

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်ကျင်းပရာ ဆရာကြီး၏ အောင်မြင်ကျော်ကြားခဲ့သော **'ဂုဏ်ရည်မတူ'** ရုပ်ရှင်ဇာတ်ကားကြီးကို အခြေခံကာ ဇာတ်ညွှန်းနှင့်ဒါရိုက်တာ အကယ်ဒမီဦးငြိမ်းမင်းနှင့်အနုပညာ ညီအစ်ကို မောင်နှမများက ပြဇာတ်အနေဖြင့် ဦးခိုက်ကန်တော့ခဲ့ကြသည်။

သီဆိုဖျော်ဖြေ

ထို့နောက် ဆရာကြီးဦးသုခ၏ အောင်မြင်ကျော်ကြားခဲ့သော ဇာတ်ဝင်တေးအချို့ကို အနုပညာရှင်များနှင့်အတူ စာရေးဆရာချစ်ဦးညိုကလည်း သီဆို ဖျော်ဖြေခဲ့ကြသည်။ **(မြန်မာ့အလင်း)**

ဂုဏ်ပြုအခမ်းအနား

မြန်မာနိုင်ငံ ရုပ်ရှင်အစည်း အရုံးမှ ကြီးမှူးကျင်းပသည့် စာရေးဆရာ ဒါရိုက်တာ ဆရာကြီးဦးသုခ၏ နှစ်(၁၀၀)ရာပြည့် ဂုဏ်ပြုအခမ်းအနားတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အမှာစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)
၁-၂-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် (ပုဗ္ဗဏှသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၉း၀၀ အစီအစဉ်ပြီး၏။
၁၀း၀၀ အမှတ်တရ တေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ လယ်ယာစီးပွား (ကိုယ်တိုင်စိုက်ပါ အာလူးကမ္ဘာ)တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ မေတို့တွက်တာအလှကမ္ဘာ (နားဆွဲလေးများရဲ့ရင်ခုန်သံ)
၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ (ယင်ကောင်စက်ရုပ် အပိုင်း-၂)
၁၁း၄၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ (၂၁) (နိုင်ငံရေးဆက်ဆံရေး သဘောသဘာဝ)
၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း (စက်မှု/သက်မွေးဦးစီး)
၁၂း၂၀ တေးပဒေသာ
၁၂း၃၀ အားကစားသတင်းပဒေသာ
၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (စတုတ္ထတန်း-ပထဝီဝင်) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး/ထိပေါက်စဉ်
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (နှလုံးရောဂါမဖြစ်အောင် ဆင်ခြင်ရမည့်အချက်များ)
၁၇း၁၀ ဇာနည်စစ်သည် တေးပန်းချီ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၄၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ရေဒီယိုဇာတ်လမ်းတွဲများ (ပြာလွင်ကမ္ဘာ-အခရာ အပိုင်း-၁) နိုင်ငံရေးဦးတည်ချက်
၁၉း၄၀ ရွှင်လန်းစေချင် သောတရှင် (ကျွမ်းထိုးလိုက်ပါ) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (မိုးမိုးနဲ့ဖြူသီမျိုးလွင်တို့ဇနီးမောင်နှံ)
၂၀း၃၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
၂၁း၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် တေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

အနုပညာရပ်ဝန်းမှ အကယ်ဒမီ ရင်ခုန်သံများ

တွေ့ဆုံမေးမြန်းသူ-စုမြတ်နိုင်နှင့် အေးသဇင်မြင့်(သတင်းအတတ်ပညာ)၊ ဓာတ်ပုံ-ခိုင်ဇင်သက်(သတင်းအတတ်ပညာ)

ရန်ကုန် ဇန်နဝါရီ ၃၀

ရုပ်ရှင်လောကသားများအတွက် ရုပ်ရှင် နှစ်တစ်နှစ် ကုန်ဆုံးခဲ့ပေပြီ။ ပြည်သူအများ မျှော်လင့်စောင့်စားနေကြသည့် ၂၀၀၈ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကြီးလည်း နီးကပ်လာပြီဖြစ်ရာ အနုပညာချစ်ပရိသတ်များသာမက အနုပညာရှင်တို့ကိုယ်တိုင်လည်း ရင်ခုန်နေကြတော့မည်။ ရုပ်ရှင်အနုပညာရှင်တို့၏ အမြင့်ဆုံးဆုသည် နိုင်ငံတော်မှချီးမြှင့်သော မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဖြစ်သည်။ ပရိသတ်ကြီးကလည်း မိမိတို့ ချစ်ခင်သော အနုပညာရှင်ကို အကယ်ဒမီခေါ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို ရရှိစေချင်သည်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီး နီးလာလေ အားလုံးရင်ခုန်ရလေဖြစ်သည်။ ထို့ကြောင့် အနုပညာရှင်တို့၏ အကယ်ဒမီရင်ခုန်သံတို့ကို အနုပညာပရိသတ်ကြီး ကြားသိနိုင်စေရန် သတင်းအတတ်ပညာ(နောက်ဆုံးနှစ်) သင်တန်းသူများက ကွင်းဆင်းတွေ့ဆုံမေးမြန်းခဲ့သည်။

"အကယ်ဒမီဆု ကိုတော့ မျှော်လင့်ပါတယ်။ ကိုယ့် လက်ထဲရောက်မှ ကိုယ့်ပစ္စည်း ဖြစ်မှာပါ"။
အကယ်ဒမီ မို့မို့မြင့်အောင်

အကယ်ဒမီမို့မို့မြင့်အောင်

"အကယ်ဒမီဆုကိုတော့ မျှော်လင့်ပါတယ်။ ကိုယ့်လက်ထဲရောက်မှ ကိုယ့်ပစ္စည်းဖြစ်မှာပါ။ နှစ်ကိုယ်ခွဲကားတွေ ရိုက်ဖူးပါတယ်။ အကယ်ဒမီတော့ မရဖူးပါဘူး။ မြင်းမိုရ်ထက်ကသရဖူကိုတော့ အားရပါတယ်။ နာမည်ထွက်ပြီး လွဲချော်ခဲ့တာတွေ ကြုံဖူးပါတယ်။ ဒီနှစ် လွဲချော်ခဲ့ရင်တော့ နှလုံးသားကမာနေပါပြီ။ ဟာသကားထက် စာရင်တော့ ဒရာမာကားတွေကို ပိုအားရပါတယ်။ တက်သစ်စလူငယ်တွေက ကြိုးစားကြပါတယ်။ လုပ်နိုင်ကြပါတယ်။ ဒါပေမယ့် လုပ်တတ်ဖို့တော့လိုပါတယ်။ ဘဘဦးသုခ ပြောတဲ့ စကားလိုပါပဲ။ မင်းသား၊ မင်းသမီး မဖြစ်ချင်ကြပါနဲ့ သရုပ်ဆောင်ဖြစ်ချင်ပါ။ အဲဒီကတစ်ဆင့် ဇာတ်လိုက်ဖြစ်စေချင်ပါတယ်။ အဲဒါ ဘဘသင်ပေးခဲ့တဲ့ စကားပါပဲ။ ပရိသတ်အတွက် မမို့ ထာဝရ ပေးဆပ်သွားမှာပါ"

ရဲတိုက်

"အကယ်ဒမီပေးပွဲကို မကွေးမှာ ကားရိုက်ရင်း မကွေးမြို့က တက်ဖြစ်ပါမယ်။ ကြည့်ဖြစ်တဲ့ ဇာတ်ကားကတော့ ကြိုးတန်းတော့ မှတ်မှတ်ရရပါပဲ။ သရုပ်ဆောင်တွေအားလုံး ကောင်းကြပါတယ်။ ပဋိပက္ခဖြစ်တဲ့အခန်းကို ပိုကြိုက်ပါတယ်။ အနုပညာရှင် မောင်နှမတွေ အားလုံးကို အကယ်ဒမီဆု ရစေချင်ပါတယ်။ အနုပညာသမားတိုင်းဟာ နိုင်ငံတော်အဆင့် ပေးတဲ့ဆုကို လိုချင်ကြမှာပါ"။

"အကယ်ဒမီဆုပေးပွဲဆိုတာ အနုပညာသမားတွေရဲ မှတ်တိုင်ဖြစ်တဲ့ ပွဲလေးပါ"။ မိုးပြည့်ပြည့်မောင် (သရုပ်ဆောင်)

မိုးပြည့်ပြည့်မောင်

"အကယ်ဒမီပေးပွဲက ခရီးသွားဖို့ရှိတော့ မတက်ဖြစ်တော့ပါဘူး။ ပထမတော့တက်ဖို့ အဝတ်အစားကအစ စီစဉ်ထားတာပါ။ ခရီးစဉ်ရှိလာလို့ မတက်ဖြစ်တော့တာပါ။ ဇာတ်ကားတွေတော့ ကြည့်ဖြစ်ပါတယ်။ ကိုယ့်အနုပညာသမားတွေ အစ်ကိုတွေ၊ အစ်မတွေအားလုံးကိုရစေချင်ပါတယ်။ ကိုခန့်စည်သူနဲ့ မခိုင်ကြီး (ထွန်းအိန္ဒြာဗို)လို့ ထင်ပါတယ်။ အကယ်ဒမီဆုပေးပွဲဆိုတာ အနုပညာသမားတွေရဲ့ မှတ်တိုင်ဖြစ်တဲ့ ပွဲလေးပါ။ ဒီပွဲလေးမှာ ကိုယ်ရှိနေရင် အမြဲတက်ပါတယ်။ ကိုယ့်အနုပညာအတွက် လုပ်ပေးတဲ့ပွဲဖြစ်တဲ့အတွက် အနုပညာသမားဖြစ်တဲ့ကိုယ်က မတက်လို့ မဖြစ်ပါဘူး။ ကိုယ့်စိတ်ကတော့ ဒီလိုပါပဲ။ ရန်ကုန်မှာရှိနေရင် မဖြစ်မနေ တက်ပါတယ်။ နယ်တွေရောက်နေရင်သာ မတက်ဖြစ်တာပါ"။

"အနုပညာရှင်တိုင်းဟာ နိုင်ငံတော် အဆင့်ပေးတဲ့ဆုကို လိုချင်ကြပါတယ်။" ရဲတိုက် (သရုပ်ဆောင်)



ခိုင်နှင်းဝေ

"မြန်မာဝတ်စုံလေးနဲ့ တက်ပါမယ်။ အားပေးရုံသက်သက်ပါပဲ။ ကိုခန့်နဲ့ မခိုင်ကြီးကားကို ကြည့်ဖြစ်ပါတယ်။ ကျန်တာတော့ မမှတ်မိဘူး။ ကိုခန့်က မခိုင်ကြီးကို ချစ်တယ်လို့ ပြောခါနီးမှ အမေလိုသဘောထားတယ်လို့ ပြောလိုက်တဲ့ အခန်းလေးကို ကြိုက်တယ်။ အစ်မက နှစ်စဉ် နှစ်တိုင်း လိုက်အားပေးတယ်။ ကိုယ့်ညီအစ်ကို မောင်နှမတွေထဲက ဘယ်သူပဲရရ ဝမ်းသာတယ်။ အားပေးတယ်။ ဂုဏ်ယူတယ်။ အစ်မကတော့ အဝေးကြီးလိုပါသေးတယ်။ အကုန်လုံးကို ရစေချင်ပါတယ်။ သတင်းထွက်တာက တော့ ကိုခန့်၊ မခိုင်၊ မစိုးမြတ်သူဇာ၊ ဒေါ်ခင်မို့မို့အေးပေါ့။ အကယ်ဒမီဆိုတာ အနုပညာကို ချီးမြှင့်တဲ့ အောင်မြင်မှု ပန်းတိုင်တစ်ခုပါ။ ကျောင်းသူ ကျောင်းသားဆိုလည်း ဆုလိုချင်တယ်လေ။ အနုပညာရဲ့ဆု ကတော့ အကယ်ဒမီလို့ သတ်မှတ်ပါတယ်"။

"ကိုယ့်ညီအစ်ကို မောင်နှမတွေ ထဲက ဘယ်သူပဲရရ ဝမ်းသာတယ်၊ အားပေးတယ်၊ ဂုဏ်ယူတယ်"။
ခိုင်နှင်းဝေ
(သရုပ်ဆောင်)

"အကယ်ဒမီဆိုတာ အနုပညာနဲ့ ပတ်သက်ပြီး ထိုက်တန်တဲ့ လူတွေ ပဲရတာပါ"။
ဝိုင်းစုခိုင်သိန်း
(သရုပ်ဆောင်)

ဝိုင်းစုခိုင်သိန်း

"အကယ်ဒမီပေးပွဲတက်ဖို့ ဝတ်စုံတော့ ချုပ်ပြီးပါပြီ။ အကယ်ဒမီပေးပွဲ တက်ဖြစ်တာ လေးငါးနှစ်လောက်တော့ရှိပါပြီ။ ဘယ်သူရယ်လို့တော့ မှန်းမထားပါဘူး။ ဘယ်သူပဲရရပေါ့။ အကယ်ဒမီ ဆိုတာ အနုပညာနဲ့ပတ်သက်ပြီး ထိုက်တန်တဲ့ လူတွေပဲရတာပါ။ အကယ်ဒမီဆိုတာ နတ်လည်းကြီးပါတယ်။ တကယ်ကို ကြိုးကြိုးစားစားနဲ့ အားစိုက်ထားတဲ့ လူတွေပဲရတာပါ"။

"အကယ်ဒမီဆုကတော့ စာမေးပွဲ ဖြေရသလိုပါပဲ။ အကောင်းဆုံးတော့ ဖြေခဲ့ပါတယ်"။

အကယ်ဒမီငြိမ်းမင်း
(ဇာတ်ညွှန်းနှင့်ဒါရိုက်တာ)

ချောရတနာ

"အကယ်ဒမီပေးပွဲကို တက်မှာပါ။ ဝတ်စုံကတော့ ရိုးရိုးပါပဲ။ ၁၂ကားလုံး တော့ မကြည့်ဖြစ်ပါဘူး။ အကယ်ဒမီရှေ့မှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။

အားလုံးကိုတော့ ကြိုက်ပါတယ်။ ကိုယ့်ကိုယ်ကိုတော့ အားမရသေးပါဘူး။ ဘယ်သူပဲရရ အားပေးဖို့ အဆင့်သင့်ပါပဲ"။

ဒါရိုက်တာ အကယ်ဒမီငြိမ်းမင်း

"မြင်းမိုရ်ထက်ကသရဖူ ဇာတ်ကားကို ရိုက်ကူးခဲ့ပါတယ်။ ကားက ခက်ခဲတယ်။ ကျောက်ဆည်မှာ သွားရိုက်ရတယ်။ ကျောက်ဆည်မြင်ကွင်း၊မြင်စိုင်းမြင်ကွင်းတို့ကို သွားရောက်ပြီး မရရအောင် ပေါ်လွင်အောင် ရိုက်ကူးရပါတယ်။ ကာချင်းပုံစံ စတီရီယိုသီချင်း ပြုလုပ်ထားတယ်ပေါ့။ ဆင်မှာထူးခြားချက်ရှိပါတယ်။ သူက အားကြီးတယ်။ ဒါပေမယ့် သူ အသက်ရှင် ရပ်တည်ဖို့အတွက် ဘယ်

"အကယ်ဒမီရှေ့မှာ သရုပ်ဆောင် ထားပါတယ်။ အားလုံးကိုတော့ ကြိုက်ပါတယ်။ ဘယ်သူပဲရရ အားပေးဖို့ အဆင်သင့်ပါပဲ"။ ချောရတနာ (သရုပ်ဆောင်)

သတ္တဝါကိုမှ သတ်ဖြတ်ခြင်းမရှိဘဲ သက်သတ်လွတ်စားတယ်။ ဒီလိုပဲ ယောကျ်ားတစ်ယောက်ဟာ ဘယ်လောက်ပဲ ဒုက္ခရှိရှိ ကိုယ်ကျင့်တရားကို ကြီးမြတ်အောင် ထိန်းသိမ်းတယ်ဆိုတဲ့ စရိုက်ပါပဲ။ ရိုက်ကူးရာမှာ အခက်အခဲတွေ အများကြီးရှိပါတယ်။ အကယ်ဒမီဆုကတော့ စာမေးပွဲဖြေရသလိုပါပဲ။ အကောင်းဆုံးတော့ဖြေခဲ့တယ်။ ရမယ်ဆိုရင်တော့ ပိုကောင်းတာပေါ့။ ထုတ်လုပ်သူဘက်ကလည်းတော်တော်ကြိုးစားရတဲ့ ဇာတ်ကားပါ"။ **(ဆက်လက်ဖော်ပြပါမည်)**

မျက်စိ၌ သံစဝင်လျှင်

ဒေါက်တာ ကံညွန့်

မောင်သိန်းအေးဟာ ကျွန်တော့်ဆီကို မျက်လုံးအတုထည့်ဖို့ ရောက်လာတာပါ။ မျက်လုံးတုထည့်ဖို့လာတဲ့သူဆိုရင် ကျွန်တော်က ရာဇဝင်မေးတတ်ပါတယ်။ တချို့ကလည်း မျက်လုံးထုတ်လိုက်ရလို့၊ တချို့ကလည်း ငယ်စဉ်ကတည်းက ဘာမှန်းမသိ မျက်စိနာပြီး ရှုံ့သွားလို့ စသဖြင့် အသက်အရွယ်အမျိုးမျိုး၊ အကြောင်းအမျိုးမျိုး တွေ့ရတတ်ပါတယ်။ မျက်လုံးထုတ်လိုက်ရသူတွေဆိုလည်း ဘာကြောင့် ထုတ်လိုက်ရတယ်ဆိုတာ မေးရပြန်တယ်၊ ဒီအထဲက မောင်သိန်းအေးအဖြစ်ကတော့ ရင်နာစရာပါ။

မောင်သိန်းအေးဟာ အသက် ၂၀ ကျော်အရွယ်ပဲ ရှိပါသေးတယ်။ ညာမျက်စိတစ်ဖက် ထုတ်ပစ်လိုက်ရပြီး ကျွန်တော့်ဆီ ရောက်လာတာပါ။ ထုတ်ပစ်တာ ခြောက်လလောက်ရှိပြီး မျက်လုံးဟောက်ပက်ကြီးနဲ့ မနေချင်ပေမယ့် ပိုက်ဆံမရှိလို့ ပိုက်ဆံစုနေရလို့ အခုလိုကြာသွားတာပါတဲ့။ မင်းဘာအလုပ်လုပ်လဲလို့မေးတော့ ကျွန်တော်က "ဘောက်"ပါတဲ့ ပုံကျပေ့ါဆရာရယ်၊ သူများခိုင်းတာ အကုန်လုပ်ပေးရတာ၊ ပန်းရန်ဆိုပန်းရန်၊ တွင်ခုံဆို တွင်ခုံ၊ ရရာအလုပ်ပေ့ါဆရာရယ်၊ မျက်စိခိုက်မိတဲ့ရက်ကလည်း ပန်းရန်လုပ်ဖို့ဆိုပြီး အိမ်ကထွက်လာတာ မိုးရွာတော့ အလုပ်ကရပ်လိုက်တော့ နေ့တွက်မကိုက်တာနဲ့ တွင်ခုံတစ်ခုတွေ့ပြီး တွင်ခုံဝင်လုပ်ပေးလိုက်ရတာ၊ အမှန်တော့ ကျွန်တော့်အိတ်ထဲမှာ နေကာမျက်မှန် အမြဲပါပါတယ်။ တွင်ခုံလုပ်ရင် သုံးဖို့ဆိုပြီး တွင်ခုံလုပ်ရင် သံတိုသံစ ဝင်တတ်တာ၊ ဂဟေမီးကြောင့် မျက်စိထိခိုက်တာသိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တစ်ခါနှစ်ခါသံစဝင်ပြီး ထုတ်ထားရတာပါ။ ဒါကြောင့်လည်း နေကာမျက်မှန် ဆောင်ထားပါတယ်။ အဲဒီနေ့ကတော့ ပိုက်ဆံပြတ်နေတော့ ဇောကပ်ပြီး ရလာတဲ့ အလုပ်ကလေး လက်မလွတ်စေချင်တာနဲ့ မျက်မှန်တပ်ဖို့ သတိမရဘဲ ဝင်လုပ်မိလိုက်တာ၊ ကံဆိုးချင်တော့ ညာမျက်စိ သံစဝင်ပါရော၊ ဝင်ဝင်ချင်း သိလိုက်ပေမယ့် အလုပ်ကလည်း ပြီးအောင်လုပ်ဖို့လို့၊ နောက်နေ့တွေကျတော့လည်း ပိုက်ဆံကလိုပြန်တော့ ဆေးရုံဆေးခန်းသွားမပြဘဲ သုံးလေးရက်ကြာသွားတယ်။ ဆေးရုံသွားပြတော့ နောက်ကျနေပြီတဲ့၊ သံစကိုထုတ်လိုက်နိုင်ပေမယ့် မျက်ကြည်လွှာ အနာဖြစ်နေပြီတဲ့။ ဆေးရုံက ဆရာဝန်တွေကလည်း ကောင်းတဲ့ဆေးတွေနဲ့ညွှန်းပြီး ကုကြပါသေးတယ်။ ကုဆို တစ်လကျော် နှစ်လလောက် တစ်ပတ်တစ်ခါသွားပြီး ကုလိုက်တာ နောက်ဆုံး မီးရောင်လည်းမမြင်၊ မခံမရပ်နိုင်အောင် ကိုက်လည်းကိုက်နေတော့မှ ထုတ်ပစ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

သံစဝင်ပြီး မျက်လုံးထုတ်ပစ်ခံခဲ့ရတဲ့ မောင်သိန်းအေးရဲ့ အဖြစ်ပါ။ တွင်ခုံ၊ အလုပ်ရုံ၊ သင်္ဘောကျင်း၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွေက မျက်စိထဲသံစ၊ သံချေးစ၊ ကျောက်စ၊ ရွှံ့စ၊ သစ်မှုန်စဝင်ပြီးထုတ်ရတဲ့ လူတွေဟာ မျက်စိဆေးရုံ၊ မျက်စိဆေးခန်း တွေမှာ အများကြီးပါ။ အနည်းဆုံး တစ်နေ့တစ်နေ့ ၁၀ယောက်၊ ၁၅ ယောက်က အမြဲရှိနေပါတယ်။ ဒီလိုအလုပ်ခွင်ထဲက အလုပ်လုပ်နေသူတွေကို နေကာ၊ မျက်စိကာဘာတပ်ဖို့ အမျိုးမျိုးတိုက်တွန်းပေမယ့် မတပ်ကြပါဘူး။ လူတစ်ဦးတည်းမျက်စိမှာ သံစဝင်လို့ ၁၀ ခါထက်မနည်း ထုတ်ပေးရဖူးသူတွေ ရှိပါတယ်။

အထူးသဖြင့် တွင်ခုံနှင့် သံချေးဖတ်ခွာတဲ့လူတွေမှာ မျက်ကြည်လွှာကို ကပ်သွားတဲ့ သံစ သို့မဟုတ် သံချေးဖတ်ဟာ မျက်စိထဲကို စိုက်သွားတဲ့အတွက် အန္တရာယ်များတတ်ပါတယ်။ တချို့က မျက်ကြည်လွှာမှာ စိုက်နေတာကို လွယ်လွယ်နဲ့ ထုတ်လို့ ရတတ်ပေမယ့် တချို့ကတော့ ခဲခဲယဉ်းယဉ်းထုတ်ရပါတယ်။ ထုတ်ပြီးရင် နောက်ဆက်တွဲက မျက်ကြည်လွှာအနာရောဂါဖြစ်လာ တတ်ပါတယ်။ မျက်ကြည်နာဖြစ်ရင် ကံကောင်းထောက်မလို့ ရောဂါပိုးက ဆေးနဲ့တည့်ပါမှ ပြန်ကောင်းလွယ်ပါတယ်။ မဟုတ် ရင်တော့ မျက်စိတစ်ခုလုံး ရောင်ကိုင်းလာပြီး မျက်စိထုတ်ရတဲ့ အဆင့်မျိုး ရောက်လာတတ်ပါတယ်။ မောင်သိန်းအေးအဖြစ်မျိုးပါ။

မျက်စိထဲထိ သံစဝင်သွားတဲ့လူမျိုးကျတော့ ပြင်ပဆေးခန်းမှာတင် ကုနေလို့မရတော့ဘူး။ အဲဒီသံစကို မျက်စိထဲက အချိန်မီ ထုတ်ပေးနိုင်ဖို့ လိုပါတော့တယ်။ မျက်စိအပေါ်ယံ သံစစိုက်နေတဲ့ လူတွေလောက် နေရထိုင်ရမခက်ပါဘူး။ သံစစိုက်နေတဲ့လူတွေမှာ နေရောင် မခံနိုင်တာတို့၊ နေရောင်စူးတာတို့၊ မျက်ရည်ပူကျတာတို့၊ မျက်စိခိုးလိုးခုလုနေတာတို့၊ မျက်တောင်ခတ်တိုင်း မျက်စိခုတာ တို့ဟာ နေမရအောင် ဖြစ်တတ်ပါတယ်။ သံစကြီးကြီး ဝင်သွားသူကတော့ မျက်လုံးပေါက်ပြဲပြီး ဝင်ရတာမို့ သိသာပေမယ့် တချို့သံစသေးသေးလေး (2mm-3mm) အရွယ်လောက်ဝင်တဲ့ လူတွေဆို သိတောင်မသိလိုက်ပါဘူး။ စမ်းသပ်တဲ့ ဆရာဝန်က မိုက်ခရိုစကုပ်အောက်မှာ သေချာကြည့်မှ သိရတာပါ။ ဆေးရုံရောက်လို့ ဓာတ်မှန်ရိုက်လိုက်ရင်တော့ သံစဘယ်နေရာ ရောက်နေတယ်ဆိုတာပါ သိရတော့တာပဲ။ သံစဝင်တာမသိလိုက်ရတဲ့ လူတွေကတော့ သုံး၊ လေးရက်ကြာလို့ မျက်စိမှုန်သွားပြီး မျက်စိနီ၊ မျက်စိရောင်လာတာ၊ ကိုက်လာတာဖြစ်တော့မှ သိကြတယ်။

အဲဒီလူမျိုးဟာ ဆေးရုံရောက်မလာဘူးဆိုရင် မျက်စိတစ်ခုလုံး ရောင်ကိုင်းလာပြီး မျက်စိအတွင်းပိုင်းတွေ အားလုံးပျက်စီးပြီး မျက်စိကွယ်ရတော့တာပဲ။ မျက်စိလည်း သံချေးရောင်တောက်ပြီး ဝါထိန်ထိန်ဖြစ်သွားတတ်တယ်။ ဒါကိုဆေးပညာအခေါ် (Siderosis Bulbi)လို့ ခေါ်တယ်။ တချို့လည်း မျက်စိထဲသွေးခြည်ဥပြီး မျက်စိလုံးဝမှုန်သွားတတ်တယ်။ အဲဒီလူမျိုးဟာ သံစဝင်ပြီး တစ်ရက်၊ နှစ်ရက်အတွင်း ဆေးရုံရောက်ပြီး ကုသမှုခံယူပြီး သံစကို မျက်စိထဲက ထုတ်ပေးနိုင်ရင်တော့ မျက်စိဟာ ပကတိ အကောင်းနီးပါး ပြန်မြင်နိုင်ပါတယ်။ ဒါကြောင့် သံစဝင်သွားပြီလို့ သံသယဖြစ်တဲ့လူတိုင်းဟာ ဝင်တာနဲ့ ချက်ချင်း မျက်စိဌာနတွေကို ပြဖို့လိုကြပါတယ်။

တွင်ခုံအလုပ်ရုံတွင် အလုပ်လုပ်နေသူတွေ မဟုတ်ဘဲ မျက်စိထဲ အမှိုက်ဝင်သူတွေလည်း ရှိတတ်ကြပါတယ်။ သူတို့ကတော့ ဘာမှမဆိုင်ဘဲ သံတိုသံစတွေ၊ သံချေးဖတ်တွေ ထုရိုက်ခွာနေတဲ့ နေရာတွေမှာ ရပ်ကြည့်မိသူတွေ၊ ကျောက်ခဲခွဲသူတွေနားမှာ သွားရပ်ပြီး ကြည့်နေသူတွေပါပဲ။ အဲဒီလို ရပ်ကြည့်နေရင်း မျက်စိထဲ သံစ၊ ကျောက်စ ဝင်တတ်တာမို့ သတိထားဖို့လိုပါတယ်။

အခုဒီဆောင်းပါးရေးရင်းကို မျက်စိထဲ သံချေးဖတ်ဝင်တဲ့ လူတစ်ယောက်ရောက်လာပါတယ်။ ဘယ်လိုဖြစ်ပြီး ဝင်တာလဲ လို့မေးတော့ ခြံထဲကိုသူခိုးဝင်တယ်။ သံတံခါး ဖျက်ပြီးဝင်တာ၊ အားလုံးဖျက်ပြီးဖွင့်ထားပြီးပြီ။ အိမ်က အိမ်ဖော်လေးက စောစောနိုးပြီး မီးဖွင့်လိုက်တော့ သူခိုးကလန့်ပြီး ထွက်ပြေးသွားတယ်။ ဘာမှတော့ ပါမသွားပါဘူး။ ဒါနဲ့ မိုးလင်းလင်းချင်း သံတံခါးပြင်တဲ့လူခေါ်ပြီး အမြန်ပြင်ခိုင်းရတယ်။ ကျွန်တော်လည်း အားတာနဲ့ သူတို့လုပ်နေတာ ထိုင်ကြည့်မိတယ်။ ပျက်နေတဲ့ သံတံခါးပေါင်ကို ဖြုတ်ဖို့ရိုက်လိုက်တာ ဖတ်ဆို သံချေးဖတ်လေး မျက်စိထဲ ဝင်သွားတယ်။ ရေနဲ့ကျင်း၊ မျက်စဉ်းခတ်လုပ်ကြည့် သေးတော့ ခုနေတာ၊ မျက်ရည်ပူကျတာ၊ မျက်စိကျိန်းတာ၊ မခံနိုင်တော့မှ အခုနေ့လယ် ဆရာ့ဆီ ရောက်လာတာ၊ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်ရေးထားတဲ့ ဆောင်းပါးရဲ့ အပေါ်က အပိုဒ်ကို သူ့ကိုဖတ်ပြလိုက်တော့ သူကတိုက်ဆိုင်လွန်းလို့ အံ့ပါရောတဲ့။

ဒါကြောင့် -

"ထိခိုက်ဒဏ်ရာမျက်စိမှာ
ကာကွယ်ခြင်းသာ ပဓာန
ကုသရာလည်း ခက်ခဲလှ
နောက်ကျပါက ပျက်စီးရ" လို့ သတိပေးထားတာပါ။ အကောင်းဆုံးကတော့ တွင်ခုံတို့၊ ဂဟေဆက်တာတို့ တူတွေ သံတွေရိုက်နှက်ပြီး သံချေးဖတ်ခွာလုပ်ရတဲ့ အလုပ်မျိုးလုပ်သူတိုင်း ပလတ်စတစ်နေကာမျက်မှန် သို့မဟုတ် မျက်စိကာဘာ တစ်ခုခု တပ်ထားပြီးလုပ်ဖို့ အထူးတိုက်တွန်းလိုပါတယ်။ အထူးသဖြင့် ဂဟေဆော်တဲ့ အလုပ်မျိုးလုပ်ရသူတွေအတွက် နေကာမျက်မှန်ဟာ ပိုပြီးသင့်တော်ပါတယ်။ ဂဟေမီးဟာ ကြာလာရင် မျက်စိအာရုံလွှာကို ထိခိုက်မှာသေချာတာကြောင့် ဂဟေဆော်တဲ့ အလုပ်ကို လုပ်သူတိုင်း မျက်မှန်တပ်ပြီးလုပ်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီလိုမျိုး စက်ရုံ၊ အလုပ်ရုံတွေရဲ့ ပိုင်ရှင်တွေကလည်း ကိုယ့် အလုပ်သမားတွေ သက်သာအောင် အလုပ်ခွင်မှာ နေကာမျက်မှန်၊ မျက်စိကာဘာတွေဝယ်ပေးထားကြပါလို့ အကြံပေးလိုပါတယ်။

တကယ်လို့ မျက်စိကို တစ်ခုခုဝင်သွားပြီလို့ သံသယဖြစ်ရင် ရေသန့်နဲ့ သုံးလေးကြိမ်လောက် ဆေးကြည့်ပါ။ လက်နဲ့ ပွတ်တိုက်မလုပ်ကြပါနဲ့။ ခတ်ချင်ရင် ပိုးသေဆေးသက်သက်သာပါတဲ့ မျက်စဉ်း(စတီရိုက်၊ ကော်တီဇုံးမပါတဲ့ မျက်စဉ်း)ကို ခတ်ပါ။ ကံကောင်းရင် ထွက်သွားပါလိမ့်မယ်။ ဒါတွေလုပ်ပြီးမှ ခိုးလိုးခုလုနေသေးတယ်၊ နေရောင်မကြည့်နိုင်ဘူး၊ မျက်စိစူးတယ်၊ မျက်ရည်ပူထွက်နေတယ်ဆိုရင်တော့ မျက်စိထဲ အမှိုက်ရှိမှာ သေချာတာမို့ နီးစပ်ရာမျက်စိဆေးရုံ၊ ဆေးခန်းတွေကို အမြန်ဆုံးပြဖို့ နှိုးဆော်လိုက်ရပါတယ်။ သံစဝင်ပြီး မျက်စိထုတ်ရတဲ့အဖြစ်မျိုး မရောက်ကြပါစေနဲ့လို့ တိုက်တွန်းရေးသား တင်ပြလိုက်ရပါတယ်။ ။

တွင်ခုံတို့၊ ဂဟေဆက်တာတို့ တူတွေသံတွေရိုက်နှက်ပြီး သံချေးဖတ်ခွာလုပ်ရတဲ့ အလုပ်မျိုးလုပ်သူတိုင်း ပလတ်စတစ်နေကာမျက်မှန် သို့မဟုတ် မျက်စိကာဘာတစ်ခုခု တပ်ထားပြီးလုပ်ဖို့ အထူးတိုက်တွန်းလိုပါတယ်။ အထူးသဖြင့် ဂဟေဆော်တဲ့ အလုပ်မျိုးလုပ်ရသူတွေအတွက် နေကာမျက်မှန်ဟာ ပိုပြီးသင့်တော်ပါတယ်။ ဂဟေမီးဟာ ကြာလာရင် မျက်စိအာရုံလွှာကို ထိခိုက်မှာ သေချာတာကြောင့် ဂဟေဆော်တဲ့ အလုပ်ကိုလုပ်သူတိုင်း မျက်မှန်တပ်ပြီး လုပ်ကြပါလို့ တိုက်တွန်း။

ထိုင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲကစားရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၃၀

သီရိလင်္ကာနိုင်ငံတွင် ကျင်းပမည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲများ သွားရောက်ကစားရန် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

သူတို့လိုက်ပါ

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ညီမောင်မောင်၊ နည်းပြချုပ် ဒရာဂိုမာမစ်၊ လက်ထောက်နည်းပြ ဦးမျိုးလှိုင်ဝင်းနှင့် ဦးစိုးမိုး၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ အားကစားသမားများအဖြစ် **ဂိုးသမား**-သီဟစည်သူ၊ ဇာနည်မင်း၊ အောင်အောင်ဦး၊ **နောက်တန်း**-စိုးဝင်း၊ ဝင်းမင်းထွန်း၊ ဌေးအောင်၊ ရွှေလှိုင်ဝင်း၊ ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း၊ ဇော်လင်းထွန်း-၂၊ ရန်အောင်ဝင်း၊ ဦးမောင်မောင်အောင်၊ **အလယ်တန်း**-မျိုးမင်းထွန်း၊ ထွန်းထွန်းဝင်း၊ အေးဆန်း၊ ပိုင်စိုး၊ ပြည့်ဖြိုးဦး၊ အောင်ကျော်မိုး၊ ရန်အောင်ကျော်၊ **ရှေ့တန်း** ရန်ပိုင်၊ စိုးမင်းဦး၊ ကျော်ဘိုဘိုနှင့် ကျော်သီဟတို့ လိုက်ပါသွားကြသည်။ **(အပေါ်ပုံ)**

ကစားမည်

မြန်မာအသင်းသည် ဖေဖော်ဝါရီ ၁ရက်တွင် ထိုင်းကလပ် Royal Thai Port Army အသင်း၊ ဖေဖော်ဝါရီ ၃ရက်တွင် ထိုင်းကလပ် Thai Port အသင်းတို့နှင့် ခြေစမ်းကစားမည် ဖြစ်သည်။ AFC Challenge Cup ပြိုင်ပွဲမတိုင်မီ မြန်မာအသင်း အနေဖြင့် ပြည်ပခြေစမ်းပွဲလေးပွဲ ကစားရန် စီစဉ်ထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒဂုံမြို့နယ် အလက(၂) ပညာရည်ချွန်ဆု ပေးအပ်

ရန်ကုန် ဇန်နဝါရီ ၃၀

ဒဂုံမြို့နယ်အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီက ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ ဒဂုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးစိုင်းမောင်မောင်မြင့်၊ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဦးစန်းဝင်း ဦးစီးအရာရှိ (စီမံ)နှင့် လက်ထောက်ပညာရေးမှူး ဦးမြင့်စိုးတို့က အမှာစကားပြောကြားကြသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ဘာသာရပ်ထူးချွန် စာစီစာကုံးဆုများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ဦးစန်းဝင်း ဦးစီးအရာရှိ (စီမံ)၊ ပန်းချီဆုများကို ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးစိုင်းမောင်မောင်မြင့်နှင့် အားကစားဆုများကို လက်ထောက် ပညာရေးမှူး ဦးမြင့်စိုးတို့က ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ရက်ပျက်မရှိ ကျောင်းတက်မှန်ဆုရ ဆရာမ ဒေါ်စန်းစန်းဝေနှင့် ဒေါ်ခင်မေဦးတို့အား လက်ထောက်ပညာရေးမှူး ဦးမြင့်စိုးက ဆုများချီးမြှင့်ပြီး ဆရာမဒေါ်ဝါဝါဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

(မြန်မာ့အလင်း)

ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် အမှတ်(၃)အခြေခံပညာဦးစီးဌာန ဦးစန်းဝင်း ဦးစီးအရာရှိ(စီမံ)က သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရ အဋ္ဌမတန်းမှ မောင်စိုးလင်းပိုင်အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရေတာရှည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကျင်းပ

ရေတာရှည် ဇန်နဝါရီ ၃၀

ရေတာရှည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပုံမှန်မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၅ရက် မွန်းလွဲ ၂ နာရီက ရေတာရှည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် သဘာပတိအဖြစ် ဦးရွှေမန်း (သတင်းစာဆရာ)က ဆောင်ရွက်ပြီး အဖွင့်မိန့်ခွန်းပြောကြားသည်။ ထို့နောက် စာရေးဆရာ(သိုက်နွယ်)က အလုပ်အမှုဆောင် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး သဘာပတိက အတည်ပြုသည်။

ရွေးချယ်တင်မြှောက်

ဆက်လက်၍ ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ကြီးကြပ်ရေးကော်မရှင်အဖွဲ့ခေါင်းဆောင် မြို့နယ်ပညာရေးမှူး ဦးကျင်စိုးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ရွေးချယ်တင်မြှောက်ပုံ နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥက္ကဋ္ဌ ဦးအောင်မြင်(စိမ်းလန်း)၊ အတွင်းရေးမှူး ဦးထွေးမောင် (မောင်ငြိမ်းငယ်-ရေတာရှည်)နှင့် ဘဏ္ဍာရေးမှူးဦးမျိုးညွန့်(သိုက်နွယ်)တို့ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကိုလည်းကောင်း၊ ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးအောင်မြင်(စိမ်းလန်း)အားလည်းကောင်း ရွေးချယ်တင်မြှောက်ကြသည်။ **(စာပေနှင့်စာနယ်ဇင်း)**

ဇန်နဝါရီ ၃ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သော မြောင်းပုလဲတံတားဖွင့်ပွဲ အခမ်းအနားကျင်းပရာ တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်နှင့် ထားဝယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နှစ်(၅၀)မြောက်ရွှေရတုမင်္ဂလာ

မိတ္ထီလာမြို့၊ ကျောင်းဒါယကာကြီးဦးစော-ကျောင်းအမကြီးဒေါ်ထွန်းမေ
တို့၏သားထွေး
ပြည်ထောင်စုမြန်မာနိုင်ငံတော် ပစ္စည်းဝယ်ယူရေးအဖွဲ့၊
လက်ထောက်အုပ်ချုပ်ရေးအရာရှိ
မောင်သောင်းညွန့် B.Sc., B.L
နှင့်
ပဲခူးမြို့၊ ကျောင်းအုပ်ဆရာကြီးဦးသာဒင်-ဆရာမကြီးဒေါ်လေးတင်
တို့၏သမီးထွေး
ခင်ငွေးရည် B.A

တို့သည် (၁၃၂၁ခုနှစ် တပို့တွဲလဆန်း ၄ရက်) ၃၁-၁-၁၉၆၀ရက် (တနင်္ဂနွေနေ့)၌ ရန်ကုန်မြို့ စထရင်းဟိုတယ်တွင် တရားရေးဝန်ကြီးချုပ် အဂ္ဂမဟာသရေစည်သူ သတိုးသီရိသုဓမ္မဒေါက်တာဦးသိမ်းမောင် M.A, (Cantab) L.L.M., Bar-at-Lawနှင့် ဇနီး ဒေါ်စောတင်တို့က စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေးပါကြောင်း။

ဝန်ထမ်းအလိုရှိသည်

(ရန်ကုန်နှင့် ပြည်တွင်းနယ်ဆိုက်များ၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ Site Engineer (ကျား/မ) ၅-ဦး
- [A.G.T.I,B.Tech,B.E(Civil)]
- အထပ်မြင့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း၊ Steel Structure စက်ရုံဆောက်လုပ်ခြင်းလုပ်ငန်းများ၌ အတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။

၂။ Site Supervisor (ကျား) ၅-ဦး
- ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။

၃။ Q/S Engineer (မ) ၅-ဦး
- [A.G.T.I, B.Tech,B.E(Civil)]
- Computer Excel,Auto CAD 2D ၊ 3D ဆွဲနိုင်သူဖြစ်ရမည်။

ဤကုမ္ပဏီ၏ဆောက်လုပ်ရေးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းများတွင် စိတ်ပါဝင်စားတက်ကြွပြီး ကျန်းမာရေးကောင်းမွန်စွာဖြင့် နေရာဒေသမရွေး ရေရှည်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

အထက်ပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများသည်

ကိုယ်ရေးရာဇဝင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်း ထောက်ခံချက်၊ တစ်လအတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ နှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံချက်များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်းလျှောက်ထားနိုင်ပါသည်။

တကောင်ဘွားကုမ္ပဏီလီမိတက်
အမှတ် ၄၂၊ ဗဟိုလမ်းမကြီး(ဇေယျဝတီလမ်း)၊ စမ်းချောင်းမြို့နယ်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မကွေးတိုင်း၊ ရေနံချောင်းမြို့နေ
ဦးမြသန်း (ဆောက်လုပ်ရေး၊ ငြိမ်း)- ဒေါ်ဝင်းဝင်းသောင်း(အထပြ၊ ငြိမ်း)
တို့၏သား
ဗိုလ်မှူးထွန်းသူရ B.Sc, (D.S.A)
တပ်မတော် (ရေ)
နှင့်
ရန်ကုန်တိုင်း၊ မှော်ဘီမြို့နေ
အရာခံဗိုလ်ထွန်းမြင့်(ငြိမ်း) တပ်မတော် (လေ)-ဒေါ်ပုကြည်(အထက(ခွဲ) တပ်ကြီးကုန်း)
တို့၏သမီး
ဒေါက်တာထက်ထက်မေဦး M.B.,B.S (Ygn);
First Year (M.MedSc) (ENT)
ဆေးတက္ကသိုလ် (၁)ရန်ကုန်

တို့၏ ၂၃-၁-၂၀၁၀ရက်တွင် မှော်ဘီမြို့ချမ်းမြေ့ရိပ်သာကျောင်း၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဦးဆွမ်းကျွေးသို့ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ၃၀-၁-၂၀၁၀ရက်တွင် ရေနံချောင်းမြို့၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မျိုးနှင့် ဇနီးဒေါ်ဝင်းနီနီကျော်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ဒေါက်တာအောင်မိုးနှင့် ဇနီး ဒေါက်တာလဲ့လဲ့သိန်းတို့အား လည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးသော မခင်နှင်းအေး၊ မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ညီမလေး မနှင်းဒါလီမြတ်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော သူငယ်ချင်းများနှင့် ဗိုလ်မှူးအောင်မျိုးထွန်းအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဆောင် ပေးပို့ကြပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးထွန်းသူရ-ဒေါက်တာထက်ထက်မေဦး။



နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲ ပြီးစီးခြင်း

အဖဦးသိန်းငွေး၏ သမီး ကျွန်မ မကြည်ဖြူသန့်၇/ဖမန(နိုင်)၁၄၇၇၉၈နှင့် အဖ ဦးတင်ရွှေ၏သား မောင်ကျော်မျိုးလွင် ၇/ဖမန(နိုင်) ၀၉၀၅၆၅တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ၂၉-၁-၂၀၁၀ရက်တွင် တောင်ငူခရိုင်တရားရုံးမှ တရားသူကြီး ဒေါ်ကြူကြူမာ ရှေ့မှောက်၌နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

မကြည်ဖြူသန့်
၇/ဖမန(နိုင်)၁၄၇၇၉၈။

စာအုပ်စာပေ လူ့မိတ်ဆွေ

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၃လမ်း၊ ၇၇လမ်းနှင့်၇၈လမ်းကြားရှိ R.C ဂရိတ်ဝေါ(လ်)ကုန်တိုက်(A)ရှိ၊ အခန်းအမှတ်၃၃လမ်း A-7 ဟုခေါ်တွင်သော အဆောက်အအုံနှင့် ယင်းအဆောက်အအုံဖြင့်ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့အား တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ အမည်ပေါက်ပိုင်ရှင် ဦးထွန်းဝင်း ၁၂/ကမရ(နိုင်)၀၅၇၄၉၀၏ တရားဝင် ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးရန်အောင်ဝင်း ၁၃/တကန(နိုင်)၀၀၄၆၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း(စဥ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L ဥပဒေအကျိုးဆောင်
အမှတ်၁၀/၁၂၊ ပထမထပ်၊ (အေ-၅)၊
၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

ပျောက်ဆုံးခြင်း

ဦးညီညီဦးအမည်ပေါက်ပိုင် ယာဉ်အမှတ် ၁႙/၄၈၇၇ယာဉ်၏ ယာဉ်မှတ်ပုံ တင်စာအုပ်နှင့် အခွန်ပုံစံ(၁)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁-၈၂၁၇၃။**

မွေးနေ့ဆုတောင်း

သားကြီး **(စာရေးဆရာကျော်ဇောဦး)**၏ ကျရောက်ခဲ့သော (၃၇)နှစ်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့် မိမိရည်မှန်းချက်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေ-

ပါပါ - ဦးဝေစိန်အောင်(အထပြ-ငြိမ်း)
မေမေ - ဒေါ်စောသိန်းတန် (အထက ကျောင်းအုပ်-ငြိမ်း)
ညီမ - ဒေါ်နှင်းနုခိုင်(ကွန်ပျူတာတက္ကသိုလ်)
ညီမငယ် - ဒေါ်နှင်းနုဖြူ(W.H.0)
ညီငယ် - ကောင်းကျော်အောင်(ခေတ္တ-မလေးရှား)။

ရောင်းရန်

Good Second Hand ဆိုဖာဆက်တီ များ၊စားပွဲများ၊ TVစင်၊ TVများ(29", 25",21")၊ ampများ၊ Speakerများ၊ ကာရာအိုကေ အပုဒ် ၅၀၀သွင်းပြီးH.D.D Playerများ၊ Aircon များ အမြန်ရောင်းမည်။

ဖုန်း-၀၉-၅၁-၄၇၇၄၈၊၆၆၆၈၆၇။

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံသစ်
ရေတာရှည်မြို့နယ်မှန်စီကျေးရွာ၌ဖွင့်

ရေတာရှည် ဇန်နဝါရီ ၃၀

တောင်ငူခရိုင် ရေတာရှည်မြို့နယ် မှန်စီကျေးရွာ အရဏ်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီစရက်က အဆိုပါစာကြည့်တိုက်ရှေ့တွင်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင် ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ ရေတာရှည်မြို့နယ် ဦးစီးမှူးဒေါ်သန်းသန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဓါတ်ပုံ)

ရှင်းလင်းပြောကြား

ဆက်လက်၍ တောင်ငူခရိုင်ဦးစီးအရာရှိဒေါ်ဝင်းဝင်းမော်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှင်သန်ခိုင်မာရေး၊ စာငှားစနစ်ကျင့်သုံးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ပထဝီဝင်

ဒီကနေ့ပို့ချမှာကတော့ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်သင်ရိုးနဲ့ပတ်သက်ပြီး အထူးဂရုပြုလေ့လာသင့်တဲ့အကြောင်းအရာတွေဖြစ်တယ်။ အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်းပထဝီဝင် သင်ရိုးမှာ သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ပထဝီဝင်နဲ့ လက်တွေ့ပထဝီဝင်ဆိုပြီး အပိုင်းကြီး (၅)ပိုင်းပါဝင်တယ်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းမှာ

ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထုအပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာရွေ့ရှားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဌာန်များ၊ အိုင်များ၊ စိမ့်များနဲ့ ကျွန်းများအကြောင်း ပါဝင်တယ်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းမှာ

ကမ္ဘာပေါ်ရှိဒေသကြီးများနဲ့နိုင်ငံများရဲ့ သတ္တုတွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သောတွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးများ ပါဝင်တယ်။

အပိုင်း(ဂ) မြန်မာနိုင်ငံပထဝီဝင်အပိုင်းမှာ

မြန်မာနိုင်ငံရဲ့ စီးပွားရေးကုန်ထုတ်လုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနဲ့ ကုန်သွယ်ရေးတို့ ပါဝင်တယ်။

အပိုင်း(ဃ)ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနဲ့ ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားတယ်။

အပိုင်း(င) လက်တွေ့ပထဝီဝင်အပိုင်းမှာ

စကေးများ၊ ကွန်တိုနဲ့ ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများလေ့လာခြင်း၊ ကောင်းကင်ဓာတ်ပုံများကို လေ့လာပြန်ဆိုတွက်ချက်ခြင်းများပါဝင်တယ်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံမှာ အပိုင်းခြောက်ပိုင်းပါဝင်ပြီး

အပိုင်း(က)ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ)သဘာဝပထဝီဝင်၊ အပိုင်း(ဂ)စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ)မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င)ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ)လက်တွေ့ ပထဝီဝင်မေးခွန်းများဖြစ်တယ်။ အဲဒီအထဲမှာ အပိုင်း(က)နှင့် (စ)မှာ မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး ကျန်အပိုင်းတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်း(၆)ပုဒ်ဖြေဆိုရမှာ ဖြစ်တယ်။ လိုအပ်တဲ့နေရာများမှာ မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမှာဖြစ်တယ်။ **ဖြေဆိုချိန် (၃) နာရီ** ဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ **(၁၀၀)** ဖြစ်တယ်။

အပိုင်း(က) ဓမ္မဓိဋ္ဌာန်မှာ သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁(ဂ)အဖြေမှန်ရွေးတို့ ဖြစ်တယ်။

အပိုင်း(ခ)မှာ မေးခွန်းရှည်နှစ်ပုဒ်နဲ့ မှတ်စုတိုမေးခွန်းများဆိုပြီး စုစုပေါင်း(၃)ပုဒ်မေးထားပြီး နှစ်သက်ရာ (၁)ပုဒ်ရွေးပြီး (၁၅)မှတ်ဖိုး ဖြေရမှာဖြစ်တယ်။ အကယ်၍ မှတ်စုတိုမေးခွန်းကိုဖြေဆိုလျှင် နှစ်သက်ရာ မှတ်စုတို (၂)ပုဒ်ကို ဖြေဆိုနိုင်တယ်။ ဒီလိုပဲ **အပိုင်း(ဂ)၊ (ဃ)၊ (င)** တို့မှာလည်း (၁၅)မှတ်ဖိုးစီ ဖြေရမှာဖြစ်ပြီး (၄)ပိုင်းအတွက် စုစုပေါင်း အမှတ်(၆၀)ပေးထားတယ်။

လက်တွေ့ပထဝီဝင်အပိုင်း(စ) မေးခွန်း ၁၄(က) မှာ ၁၀မှတ်နှင့် ၁၄(ခ)အတွက် (၁၅)မှတ်ဆိုတော့ စုစုပေါင်းပေးမှတ်(၂၅) မှတ်ဖြစ်ပြီး ဓမ္မဓိဋ္ဌာန်လိုပဲ မဖြေမနေရဖြစ်တယ်။

မေးခွန်းမှာသင်ရိုးညွှန်းတမ်းကို ခြုံငုံမိအောင်မေးမှာဖြစ်တဲ့အတွက် ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါသင်ရိုးအားလုံးကို ကျေကျေညက်ညက် ဖတ်၊ မှတ်ဖို့လိုပါတယ်။ သင်ခန်းစာအားလုံးကို မြေပုံနှင့်တကွ မှန်မှန်လေ့ကျင့်ထားရပါမယ်။ သီအိုရီအပိုင်းကို လေ့လာကျက်မှတ်တဲ့အခါ မြေပုံနဲ့အချက်အလက်များတွဲပြီး မြေပုံပါအချက်များကို သဘောပေါက်နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်တဲ့အတွက် အလွတ်ကျက်ခြင်းထက်ပိုပြီး ဖြေဆိုနိုင်တယ်။ မေးခွန်းမှာမေးထားတဲ့ လိုရင်းကိုသာ ဖြေရမှာဖြစ်ပြီး သိတာတွေအားလုံး ဖြေရမှာမဟုတ်ကြောင်း သတိပြုရပါမယ်။

ကမ္ဘာ့ပထဝီဝင်အပိုင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဩစတြေးလျ၊ ဗြိတိန်၊ ပြင်သစ်နဲ့ ဂျာမနီနိုင်ငံများပါဝင်တယ်။ နိုင်ငံတိုင်းရဲ့တည်နေရာ၊ အကျယ်အဝန်းနဲ့ ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများကိုသိရမယ်။ ဓမ္မဓိဋ္ဌာန်များကိုလည်း ဒီအပိုင်းများမှသိသင့်တဲ့ အချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အဖြေမှန်ရွေး စသည်ဖြင့် မေးနိုင်တာကိုသတိပြုပါ။

ဒါ့အပြင်ကမ္ဘာ့နိုင်ငံများပထဝီဝင်နှင့် ကွန်တိုမြေပုံလေ့လာဖြေဆိုရန်အတွက် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊ စီးပွားရေးပထဝီဝင်ဆိုပြီး ခွဲခြားလေ့လာ မှတ်သားသင့်တယ်။

ရူပပထဝီဝင်အပိုင်းမှာတည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နဲ့ ရေဆင်း၊ အောက်ခံကျောက်၊ ရာသီဥတု၊ သဘာဝပေါက်ပင်နဲ့ မြေဆီလွှာများပါဝင်တယ်။ **သဘာဝပထဝီဝင်**မှာ မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်တယ်။ **လူမှုရေးပထဝီဝင်**မှာ လူဦးရေ၊ လူမျိုးနှင့် မြို့ရွာပျံ့နှံ့တည်ရှိမှုများ ပါဝင်တယ်။

စီးပွားရေးပထဝီဝင်မှာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနဲ့ ကုန်သွယ်ရေးများပါဝင်တယ်။ **စီးပွားကုန်ထုတ်လုပ်ငန်း**မှာတော့ စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်တယ်။

ဆက်လက်ပြီးပို့ချမှာကတော့ လက်တွေ့ပထဝီဝင်အပိုင်းဖြစ်တဲ့ မေးခွန်း၁၄(က)မှာ စကေးနဲ့ ကောင်းကင်ဓာတ်ပုံအကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုကိုဖြေရမယ်။ ၁၄(ခ)မှာတော့ ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမှာဖြစ်တယ်။ ဒီအပိုင်းမှာလေ့ကျင့်ဖို့ အများကြီးလိုအပ်တယ်။ ပို့ချချက်ပါညွှန်ကြားချက်များအတိုင်း ဆွဲသားနည်း၊ ဖြေဆိုနည်းတွေကို စာမေးပွဲနီးမှ လေ့ကျင့်တာမျိုးမဖြစ်သင့်ပါ။ ဥပမာ-ပုံပြစကေးဖြစ်တဲ့ စကေးကျဲ၊ စကေးစိပ်များ တွက်ချက်ရေးဆွဲရာမှာ ပို့ချချက်များကိုဖတ်ရှုရုံနဲ့ မလုံလောက်ပါ။ လက်တွေ့အကြိမ်ကြိမ် လေ့ကျင့်ဆွဲသားမှသာ စာမေးပွဲဖြေဆိုတဲ့အခါ အလွယ်တကူဆွဲလို့ရမှာဖြစ်တယ်။ အလားတူ ကွန်တိုမြေပုံလေ့လာပြန်ဆိုရာမှာလည်း နှစ်စကတည်းက ကွန်တိုပုံများကို မှန်မှန်လေ့ကျင့်ထားသင့်တယ်။ ကောင်းကင်ဓာတ်ပုံနဲ့ ပတ်သက်တဲ့ ပုစ္ဆာတွေတွက်ရာမှာလည်း ပုံသေနည်းများကိုအလွတ်ကျက်တာထက် သင်္ကေတရှင်းလင်းချက်များကို နားလည်အောင်မှတ်ဖို့လိုတယ်။ လက်တွေ့တွက်ချက်ခြင်းများမပြုမီ စကေးရဲ့အဓိပ္ပာယ်၊ မြေပုံများပေါ်တွင်စကေးကိုဖော်ပြခြင်း၊ စကေးတစ်မျိုးမှအခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများ ပါဝင်တယ်။

စကေးဆိုသည်မှာ မြေပုံပေါ်မှအကွာအဝေးနှင့် မြေပြင်ပေါ်မှ အကွာအဝေးတို့၏ အချိုးဖော်ပြချက် ဖြစ်တယ်။ စကေးအမျိုးအစား (၃) မျိုးရှိတယ်။ ယင်းတို့မှာ-

(၁) **စာစကေး** (ဝါ) စာတန်းစကေး၊ (ဥပမာ- တစ်လက်မလျှင်တစ်မိုင်)
(၂) **အချိုးစကေး** (ဝါ) အပိုင်းစကေး (ဥပမာ- ၁း၆၃၃၆၀ (ဝါ) ၆၃၃၆၀ ပိုင်း တစ်ပိုင်း) နှင့်
(၃) **ပုံပြစကေး** (ဥပမာ- အတိုင်းအတာတစ်ရပ်ရှိသော မျဉ်းတစ်ကြောင်းကို စိတ်ပိုင်းကာ အချိုးကျ မြေပြင်အကွာအဝေးများကို ရေးမှတ်ဖော်ပြသော စကေးအမျိုးအစားဖြစ်တယ်)။

ပုံပြစကေးအမျိုးအစားကို အဓိကအားဖြင့်(၂)မျိုးခွဲခြားထားတယ်။ ၎င်းတို့မှာ **စကေးစိပ်/အပြည့်စကေး** နှင့် **စကေးကျဲ/အဖွင့်စကေး**တို့ဖြစ်တယ်။ ပုံပြစကေးရေးဆွဲရာမှာ **တွက်ချက်ရန်နဲ့ ဆွဲသားရန်** ဟူ၍ နှစ်ပိုင်းပါဝင်တယ်။

ပုံပြစကေးများတွက်ရန်၊ ဆွဲရန်အတွက် အနည်းဆုံးပြုရမယ့်ကိန်း၏ "ယူနစ်" ကို သတိပြုရန် လိုအပ်တယ်။ တွက်ချက်တဲ့အခါ ရေးဆွဲရမယ့်မျဉ်းရဲ့ အလျားဟာ လေးလက်မနှင့် ခြောက်လက်မကြား ရှိရင်အသင့်တော်ဆုံးဖြစ်တယ်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင်တွက်ရမယ်။ တွက်ချက်လို့ရတဲ့ အဖြေပေါ်မူတည်ပြီး စကေးမျဉ်းကို တိကျမှန်ကန်အောင်ဆွဲရန်လိုတယ်။ အပိုင်းများကို စိတ်ပိုင်းတဲ့အခါမှာလည်း အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းရန် အဓိကလိုအပ်တယ်။

ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆိုခြင်းအခန်းမှာပါဝင်တဲ့ကောင်းကင်ဓာတ်ပုံစကေးများရှာရာမှာ-

(၁) ကင်မရာဆုံတာနှင့်လေယာဉ်ပျံသန်းသော အမြင့်တို့၏ အချိုးဖြင့် စကေးရှာနည်း
(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်း
(၃) စကေးသိသောမြေပုံနဲ့ ကောင်းကင်ဓာတ်ပုံနှိုင်းယှဉ်နည်းဖြင့် စကေးရှာနည်းဟူ၍ နည်း(၃)နည်းရှိသည်။

(၁)ကင်မရာဆုံတာနဲ့ လေယာဉ်ပျံသန်းသောအမြင့်တို့၏အချိုးဖြင့် စကေးရှာနည်းမှာ-
အသုံးပြုရမည့်ပုံသေနည်း(က)မှာ-

$$\text{Scale or RF} = \frac{f}{H}$$

အသုံးပြုရမည့်ပုံသေနည်း(ခ)မှာ-

$$\text{Scale or RF} = \frac{f}{(A-h)}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF	ဆိုတာကတော့	စကေး/အချိုးစကေး
	(Representative Fraction)	
f	ဆိုတာကတော့	ကင်မရာဆုံတာ (focal length)
A	ဆိုတာကတော့	ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်(Altitude)နဲ့
h	ဆိုတာကတော့	ကုန်းမြေအမြင့် (Height of the terrain)
H	ဆိုတာကတော့	ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့် (Flying Height above the ground) ဖြစ်တယ်

ဥပမာ ။ ကင်မရာဆုံတာ ၆လက်မ ဖြင့်ရိုက်ကူးထားသော ကောင်းကင်ဓာတ်ပုံတစ်ပုံ၏ စကေးမှာ ၁း၆၀၀၀ ဖြစ်လျှင် ရိုက်ကူးသောအချိန်၌ ပျံသန်းသည့်လေယာဉ်၏ မြေပြင်အထက် **အမြင့်ပေ** ကိုရှာပါ။

တွက်နည်း

ကင်မရာဆုံတာ (f) = ၆လက်မ
ဓာတ်ပုံ၏စကေး (RF) = ၁း၆၀၀၀
ကုန်းမြေအထက်လေယာဉ်ပျံသန်းသောအမြင့်(H)=?

အသုံးပြုသောပုံသေနည်း $RF = \frac{f}{H}$

H = ၆ × ၆၀၀၀

= ၃၆၀၀၀ လက်မ / ၁၂ လက်မ

H = ၃၀၀၀ ပေ

အဖြေ= လေယာဉ်၏ မြေပြင်အထက်ပျံသန်းသော အမြင့်ပေ ၃၀၀၀

ပုံသေနည်း(ခ)မှာလေယာဉ်ပျံသန်းသောအမြင့် (H)ကို တိုက်ရိုက်မပေးထားတဲ့အတွက် ပင်လယ်ပြင် အထက်လေယာဉ်ပျံသန်းတဲ့ အမြင့် (A)မှ ကုန်းမြေအမြင့် (h)ကို နုတ်ပေးခြင်းအားဖြင့် (H)ကိုရနိုင်ပါသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်

ဥပမာ။ လေယာဉ်တစ်စင်းသည် ပင်လယ်ရေပြင်အထက် အမြင့်ပေ ၁၂၀၀၀ မှပျံသန်းပြီး ကင်မရာဆုံတာ ၆လက်မ ဖြင့် ဓာတ်ပုံရိုက်ကူးရာ ဓာတ်ပုံတွင် အမြင့်ပေ ၁၅၀၀ ရှိသည့် တောင်ကုန်းတစ်ခု ပါဝင်သည်။ ထိုကောင်းကင် ဓာတ်ပုံ၏ စကေးကိုရှာပါ။

တွက်နည်း

ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့် A = ၁၂၀၀၀ ပေ

ကင်မရာဆုံတာ f = ၆လက်မ

တောင်ကုန်း၏အမြင့် h = ၁၅၀၀ ပေ

ကောင်းကင်ဓာတ်ပုံ၏စကေး RF = ?



အသုံးပြုသောပုံသေနည်း

$$\text{Scale or RF} = \frac{f}{(A-h)}$$

$$RF = \frac{\text{၆ လက်မ}}{\text{၁၂၀၀၀-၁၅၀၀ ပေ}}$$

$$= \frac{\text{၆ လက်မ}}{\text{၁၀၅၀၀×၁၂လက်မ}}$$

$$= \frac{\text{၆ လက်မ}}{\text{၁၂၆၀၀၀ လက်မ}}$$

$$= \frac{\text{၁ လက်မ}}{\text{၂၁၀၀၀ လက်မ}}$$

RF = ၁း၂၁၀၀၀

အဖြေ = ကောင်းကင်ဓာတ်ပုံ၏စကေး ၁း၂၁၀၀၀

(၂) ဓာတ်ပုံပေါ်အကွာအဝေးနဲ့ မြေပြင်အကွာအဝေးနှိုင်းယှဉ်ခြင်းဖြင့် စကေးရှာနည်းမှာဆိုရင် ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{GD}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance)နဲ့

GD ဆိုတာကတော့ မြေပြင်ပေါ်ရှိအကွာအဝေး(Ground Distance)ဖြစ်တယ်

ဥပမာ ။ လေယာဉ်တစ်စင်းပေါ်မှ အောက်တဲ့ရိုက် ကောင်းကင်ဓာတ်ပုံရိုက်ကူးရာတွင် ရိုက်ကူးသော ဓာတ်ပုံ၏စကေးမှာ ၁း ၁၂၀၀၀ ဖြစ်ပြီး၊ ရွာနှစ်ရွာ၏မြေပြင်ပေါ်ရှိ အကွာအဝေးမှာ ပေ ၃၀၀၀ ဖြစ်လျှင်၊ ထိုရွာနှစ်ရွာ၏ဓာတ်ပုံပေါ်ရှိ အကွာအဝေးကိုရှာပါ။

တွက်နည်း

ကောင်းကင်ဓာတ်ပုံ၏စကေးRF = ၁း၁၂၀၀၀

မြေပြင်ပေါ်ရှိအကွာအဝေး GD = ၃၀၀၀ ပေ

ဓာတ်ပုံပေါ်ရှိအကွာအဝေး PD = ?



ဓာတ်ပုံ

အသုံးပြုသောပုံသေနည်း

$$RF = \frac{PD}{GD}$$

PD = GD × RF

$$PD = (\text{၃၀၀၀} \times \text{၁၂}'') \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

$$PD = \text{၃၆၀၀၀}'' \times \frac{\text{၁}}{\text{၁၂၀၀၀}}$$

PD = ၃ လက်မ

အဖြေ = ရွာနှစ်ရွာ၏ ဓာတ်ပုံပေါ်ရှိ အကွာအဝေး = ၃ လက်မ

(၃) စကေးသိသောမြေပုံနဲ့ ကောင်းကင်ဓာတ်ပုံနှိုင်းယှဉ်နည်းဖြင့်စကေးရှာနည်းမှာ ပုံသေနည်းကတော့

$$\text{Scale or RF} = \frac{PD}{MD} \times \text{Map Scale}$$

<u>သင်္ကေတရှင်းလင်းချက်အနေနဲ့</u>

Scale or RF ဆိုတာကတော့ စကေး/အချိုးစကေး (Representative Fraction)

PD ဆိုတာကတော့ ဓာတ်ပုံပေါ်ရှိအကွာအဝေး (Photo Distance)

MD ဆိုတာကတော့ မြေပုံပေါ်ရှိအကွာအဝေး (Map Distance)နဲ့

Map Scale ဆိုတာကတော့ မြေပုံစကေး ဖြစ်တယ်

ကောင်းကင်ဓာတ်ပုံရဲ့ စကေးရှာတဲ့ပုံသေနည်းများနဲ့တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမယ်။ ပုံသေနည်းပါသင်္ကေတတွေရဲ့နေရာမှာ မေးခွန်းပုစ္ဆာပါသက်ဆိုင်ရာကိန်းဂဏန်းများကို အစားထိုးပြီး တွက်ရမှာဖြစ်တဲ့ အတွက် ယေဘုယျအားဖြင့် လွယ်ကူသယောင်ဖြစ်တယ်။ ဒါပေမယ့် ပုံသေနည်းမှာပါတဲ့ သင်္ကေတတွေရဲ့ အဓိပ္ပာယ်ကို သိထားရမယ်၊ မည်သည့်ပုံသေနည်းကို မည်သည့်ပုစ္ဆာမှာသုံးရမယ်ဆိုတာကို ခွဲခြားမှတ်သားရန် အထူးလိုအပ်တယ်။ နမူနာများကို အထပ်ထပ်လေ့ကျင့်သင့်တယ်။

ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်း

ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်း အပိုင်းမှာ (က)မှ(ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲခြင်း၊ မြေပုံပါဒေသရဲ့ ဧရိယာနဲ့ လတ္တီကျု လောင်ဂျီကျုရှာဖွေခြင်း၊ မြန်မာနိုင်ငံရဲ့ မည်သည့်ပြည်နယ်၊ တိုင်းအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နဲ့ ဖြေဆိုခြင်း၊ မြေပုံပါဒေသရဲ့ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊ စီးပွားရေးပထဝီဝင်နှင့် စီးပွားကုန်ထုတ်လုပ်ငန်းများ စသဖြင့် ပါဝင်တယ်။

(က) မှ (ခ)သို့ ဖြတ်ပိုင်းပုံရေးဆွဲရာမှာ ဒေါင်လိုက်စကေးကို ဦးစွာရှာပေးရမှာဖြစ်ပြီး ကွန်တိုမြေပုံမှာ ပေးထားတဲ့ အလျားလိုက်စကေးကို အသုံးပြုတွက်ချက်ရှာဖွေရမယ်။ ဒေါင်လိုက်စကေးကိုရှာရာမှာ မြေမျက်နှာ သွင်ပြင်အနိမ့်အမြင့် ပိုမိုပေါ်လွင်စေရန် **၅ဆ** အထိ ချဲ့သင့်တယ်။ အလျားလိုက်စကေး ၁လက်မ = ၁ မိုင်ပေါ် မူတည်ပြီး ဒေါင်လိုက်စကေး ၅ ဆချဲ့သော်

၁ လက်မ × ၅ ဆ = ၁ မိုင်

၅ လက်မ = ၁ မိုင်(၅၂၈၀)ပေ

$$\text{၁ လက်မပေါ်မှာပြန်ရှာရင်} = \frac{\text{၁} \times \text{၅၂၈၀}}{\text{၅}} = \text{၁၀၅၆ ပေ}$$

ရလာသောအဖြေကိုပုံဆွဲရာ၌လွယ်ကူအောင်အနီးဆုံးကိန်းပြည့် **၁၀၀၀ ပေ** ကိုယူရမယ်။ ထို့ကြောင့် **ဒေါင်လိုက် စကေး ၁ လက်မ = ၁၀၀၀ ပေ** ရလာမယ်။ ရရှိလာသောအဖြေကိုအသုံးပြု၍ ပေးထားသောဂရပ်ပေါ်၌ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမယ်။

ရေးဆွဲပုံ အဆင့်ဆင့်မှာ

၁။ ပထမဦးဆုံးပေးထားသော ကွန်တိုမြေပုံပေါ်ရှိ(က)အမှတ်နှင့်(ခ)အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဖြင့်ဆက်ပါ။

၂။ ‘က’နှင့်‘ခ’ ဖြတ်သန်းရာ မျဉ်းတစ်လျှောက်ရှိ ကွန်တိုမျဉ်းများ၏ အမြင့်ပေများကို မှတ်ရမည်။

ပုံ(၂) ကွန်တိုမျဉ်းများပေါ် အမြင့်ပေများမှတ်သားပုံ

ဤသို့မှတ်သည့်အခါ ပေးထားသောကွန်တိုခြားနားချက်ကို သတိပြုရမည်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်းအိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ်မှတ်သားရမည်။

၃။ ‘က’ ‘ခ’ ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။



၄။ ဂရပ်စာရွက်ပေါ်မှာ ပေးထားသော ကွန်တိုမြေပုံ၏ ‘က’ ‘ခ’ အလျားအတိုင်း အောက်ခြေအလျား အလိုက် မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ ‘က’ နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်း နှင့် ‘ခ’နေရာမှ ဒေါင်လိုက်မျဉ်း တစ်ကြောင်းဆွဲပါ။

၅။ ခေါက်ထားသောကွန်တိုမြေပုံစာရွက်ကို မှတ်သားထားသည့် ဂရပ်စာရွက်၏ အောက်ခြေမျဉ်းတွင် ‘က’ ‘ခ’ အမှတ်အသားအကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနှင့် တစ်ထပ်တည်းကျအောင် ကပ်ပါ။ ပြီးလျှင် ကွန်တို မြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချ၍မှတ်ပါ။

၆။ မှတ်ထားသောအစက်များကို ပြေပြစ်သည့်မျဉ်းကြောင်းများဖြင့် ဆက်လိုက်လျှင် လိုအပ်သော ဖြတ်ပိုင်းပုံကို ရလာမယ်။

အလျားလိုက်စကေး ၁လက်မ = ၁ မိုင်

ဒေါင်လိုက်စကေး ၅ဆချဲ့၍ ဒေါင်လိုက်စကေး ၁လက်မ=၁၀၀၀' (အနီးဆုံး)

၇။ ဆွဲသည့်အခါ သတိပြုရမည့်အချက်မှာ ‘က’ နှင့် ‘ခ’ ကို ဘောင်၌ရှိသော နေရာအမြင့်များ၌ မှန်အောင် ရေးရန်လိုသည်။ မြစ်ဝှမ်းကျယ်ဖြစ်လျှင် ဇလားပုံ၊ ချောင်းငယ်များ၏ နေရာတွင် V ပုံသဏ္ဍာန် အနည်းငယ် ချိုင့်ပေးရမည်။ ပုံတွင်ထင်ရှားသော မြစ်၊ ချောင်း၊ အင်းအိုင်၊ လမ်းစသည့်နေရာများကို မြားများပြပြီး ဖော်ပြရမည်။

၈။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်)အညိုရောင်ခြယ်ပေးသင့်သည်။

၉။ ပုံ၏အပေါ်တွင် ခေါင်းစဉ်တပ်ပြီး ပုံ၏အောက်တွင် အလျားလိုက်နှင့် ဒေါင်လိုက်စကေး နှစ်မျိုးစလုံး ဖော်ပြရမည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

31-1 (16).pmd 1 1/31/2010, 2:47 AM

စာမျက်နှာ ၁၆ မှအဆက်

ဆက်လက်ပြီး ပေးထားတဲ့ ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။

ဖော်ပြပါ မြေပုံသည် မုံရွာမြို့၏ပတ်ဝန်းကျင်ဒေသပုံဖြစ်တယ်။ 'က'အမှတ်အသားသည် ဒေသ၏ **အနောက်တောင်**ဘက်တွင်ရှိပြီး 'ခ'အမှတ်အသားသည် ဒေသ၏ **အရှေ့**ဘက်တွင်ရှိသည်။ ဒါကြောင့် 'က' မှ 'ခ' ဖြတ်ပိုင်းပုံကိုဆွဲကြည့်လျှင် ဖော်ပြပါအတိုင်းတွေ့ရမည်။



'က'နေရာသည် အမြင့်ပေ ၄၀၀ အောက်၌ ရှိပြီး **အရှေ့**ဘက်ရှိ 'ခ'သို့ ဆက်ဆွဲရာ ပေ ၃၀၀နှင့် ပေ၇၀၀ကြား ကွန်တိုမျဉ်းများနှင့် ချင်းတွင်းမြစ်၊မုံရွာမြို့များကိုဖြတ်သန်းပြီး 'ခ' အမှတ်နှင့် ဆက်သွယ်ထားသည်။ 'ခ' အမှတ်သည် အမြင့်ပေ ၃၀၀ အောက်တွင် တည်ရှိသည်။

ကွန်တိုမြေပုံကို ကြည့်ပြီး ဒေသန္တရပထဝီဝင် အကြောင်းကို ဆွေးနွေးရအောင်

မြေပုံပါဒေသ၏ ရူပပထဝီဝင်

တည်နေရာနှင့်အကျယ်အဝန်း

မြေပုံပါဒေသသည် မြောက်လတ္တီကျု၂၂ ၄ မှ၂၂ ၉ အတွင်းနှင့် အရှေ့လောင်ဂျီကျု ၉၅ ၄ မှ ၉၅ ၉ အတွင်း တည်ရှိသည်။ ပုံတွင် မုံရွာမြို့ကိုတွေ့ရခြင်း၊ ချင်းတွင်းမြစ်နှင့် ဘုတလင်မှ စစ်ကိုင်းသို့သွားသော ကားလမ်း၊ ရထားလမ်းများတွေ့ရှိရခြင်းကြောင့် စစ်ကိုင်းတိုင်းတွင် တည်ရှိသည်။

မြေပုံ၏အလျား ၄. ၂၅လက်မနှင့် အနံ ၄. ၅လက်မရှိ၍ မြေပုံ၏စကေးမှာ ၁လက်မလျှင် ၁မိုင်ဖြစ်၍ မြေပုံပါဒေသ၏ ဧရိယာသည် **၁၉. ၁၃စတုရန်းမိုင်** ကျယ်ဝန်းသည်။

မြေမျက်နှာသွင်ပြင်နှင့်ရေဆင်း

ပုံတွင် တောင်ကုန်းများရှိရာအပိုင်းနှင့် မြေပြန့်လွင်ပြင်ပိုင်းဟူ၍ နှစ်ပိုင်းတွေ့ရသည်။ တောင်ကုန်းတည်ရှိရာ အပိုင်းကို မြေပုံ၏ အနောက်တောင်ပိုင်းတွင်တွေ့ရပြီး လက်ပံတောင်းတောင်၏ အမြင့်ဆုံးအပိုင်းမှာ ၁၀၅၇ ပေမြင့်သည်။ တောင်ကုန်းငယ်နှစ်ခုပါဝင်သည့် ယင်းတောင်တွင် အရှေ့ဘက်ရှိတောင်မှာ ပေ ၉၀၀ကျော်မြင့်ပြီး ဆင်ခြေလျှောပြေပြစ်သည်။ ယင်းမာပင်သွားသည့်ကားလမ်း၏ မြောက်ဘက်နှင့် ယမားချောင်းအနီးတို့တွင်လည်း ပေ၅၀၀ ကျော်မြင့်သည့် တောင်ကုန်းငယ်များတွေ့ရသည်။

မြေပြန့်လွင်ပြင်ပိုင်းသည် မြေပုံပါဒေသ၏ ၁/၄ ကျော်ကျယ်ဝန်းပြီး ယင်းမြေပြန့်လွင်ပြင်၏ အလယ်တွင် ချင်းတွင်းမြစ် ဖြတ်သန်းစီးဆင်းနေသည်။ လွင်ပြင်သည် ပေ ၃၀၀ အောက်နိမ့်သော မြစ်ဝှမ်းလွင်ပြင်ဖြစ်ပြီး အလယ်ပိုင်းရှိ ချင်းတွင်းမြစ်ဘက်သို့ နိမ့်ဆင်းသွားသည်။

အဓိကရေဆင်းမှာ ချင်းတွင်းမြစ်ဖြစ်ပြီး ဒေသ၏ အနောက်မြောက်မှ အရှေ့တောင်သို့ ဖြတ်သန်းစီးဆင်းသည်။ ချင်းတွင်းမြစ်သည် တစ်နှစ်ပတ်လုံးရေစီးဆင်းပြီး နွေရာသီတွင် မြစ်လယ်၌ ကျွန်း၊ သဲသောင်များပေါ်ထွန်းသည်။ အနောက်ဘက်မှ ယမားချောင်းနှင့် ချောင်းငယ်များ ချင်းတွင်းမြစ်အတွင်း စီးဝင်သည်။ ယမားချောင်းမှာ သဲပိတ်ချောင်း ဖြစ်သည်။

အောက်ခံကျောက်

အလယ်ပိုင်းချိုင့်ဝှမ်းတွင်ပါဝင်၍ အောက်ခံကျောက်မှာ သက်နုကျောက်အမျိုးအစားဖြစ်သည်။ ပုံတွင်ပါရှိသည့် လက်ပံတောင်းတောင်မှ ကြေးနီသတ္တုကိုတူးဖော်ရရှိသည်။

ရာသီဥတု

မြောက်လတ္တီကျု ၂၃ ၁/၂ ° အတွင်း တည်ရှိခြင်း၊ ပေ၃၀၀၀ အောက်နိမ့်သော ဒေသဖြစ်ခြင်းနှင့် စစ်ကိုင်းတိုင်း၏ တောင်ပိုင်းတွင် တည်ရှိခြင်းကြောင့် အပူချိန်များသည်။ ပင်လယ်နှင့်အလှမ်းဝေး၍ အပူချိန်ကွာခြားချက်များသည်။ ပုံတွင် သဲပိတ်ချောင်းများတွေ့ရခြင်း၊ မြစ်ချောင်းနည်းခြင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း၏ တစ်စိတ်တစ်ဒေသဖြစ်ခြင်းတို့ကြောင့် မိုးနည်းသည်။ အပူချိန်များပြီး မိုးနည်းခြင်းကြောင့် အပူပိုင်းခြောက်သွေ့ရာသီဥတုရရှိသည်။

မြေဆီလွှာ

အပူချိန်များပြီးမိုးနည်း၍တောင်ကုန်းများပေါ်တွင် မြေနီသဲဝန်း၊ မြေဝါသဲဝန်းများတွေ့ရှိနိုင်ပြီး မြေပြန့်လွင်ပြင်တွင် စနယ်မြေ၊ မြစ်ချောင်းများ၊ ကျွန်းများပေါ်တွင် သဲမြေများတွေ့နိုင်သည်။

သဘာဝပေါက်ပင်

အပူချိန်များပြီးမိုးနည်းသည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင်ပါဝင်၍ ရွက်ပြတ်တောများ၊ ခြောက်သွေ့တောများပေါက်သည်။ ထန်း၊ ဆီးပင်၊ ထနောင်းပင်၊ ဆူးချုံတော၊ သနပ်ခါးပင်များ ပေါက်သည်။

မြေပုံပါဒေသ၏ လူမှုရေး ပထဝီဝင်ကိုလေ့လာကြည့်မယ်ဆိုလျှင်

ပုံတွင်စစ်ကိုင်းတိုင်း၏အဓိကမြို့ဖြစ်သည့် မုံရွာမြို့နှင့်ကျေးရွာကြီးများကို ချင်းတွင်းမြစ်ကမ်းအနီးနှင့် ကားလမ်း၊ ရထားလမ်းအနီးတို့တွင် တွေ့ရှိရ၍ လူနေများသောဒေသဖြစ်တယ်။

စစ်ကိုင်းတိုင်းအတွင်းတည်ရှိ၍ ဗမာလူမျိုးအများဆုံးနေထိုင်ပြီး၊ ချင်းလူမျိုးနှင့် အခြားတိုင်းရင်းသားများလည်း နေထိုင်သည်။ ဗုဒ္ဓဘာသာကိုအဓိကကိုးကွယ်ပြီး အခြားဘာသာဝင်များလည်းရှိတယ်။

မုံရွာမြို့သည် ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းပေါ်တွင် တည်ရှိပြီး ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းမြောက်ပိုင်းရှိ ဒေသများကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် ဆက်သွယ်ပေးသည့် အဓိကမြို့ကြီးဖြစ်သည်။ ကားလမ်း၊ ရထားလမ်း၊ ရေလမ်း၊ လေယာဉ်လမ်းများစုဆုံပြီး စီးပွားရေး အခြေခံကောင်းများရှိခြင်းကြောင့် လူနေထိုင်မှုသိပ်သည်းသည့် ကူးသန်းရောင်းဝယ်ရေးမြို့ကြီး ဖြစ်သည်။ လယ်တီ၊ ညောင်ပင်ကြီးတို့မှာ ဒေသတွင်း ထင်ရှားသည့်ရွာကြီးများ ဖြစ်ကြသည်။ မုံရွာမြို့နှင့် ကျေးရွာအများစုသည် စုစည်းသော(ရွာစုရွာဝိုင်း) ပုံရှိသည်။ ထို့အပြင် ကားလမ်း၊ ရထားလမ်း၊ မြစ်ချောင်းတစ်လျှောက်တွင် ရွာတန်းရှည်များတွေ့ရှိရသည်။

စီးပွားရေးပထဝီဝင်တွင်

စိုက်ပျိုး မွေးမြူရေးလုပ်ငန်းအနေဖြင့်

ဒေသသည် အပူချိန်များပြီးမိုးရေချိန်နည်းသဖြင့် မြေပြန့်လွင်ပြင်ပေါ်ရှိ ယာမြေများတွင်နှမ်း၊ မြေပဲ၊ ဝါ၊ ပဲ အမျိုးမျိုး၊ ဂျုံ၊ ငရုတ်တို့ကိုစိုက်ပျိုးသည်။ ရေသွင်းနိုင်သောဒေသများတွင် စပါးစိုက်ပျိုးသည်။ မြစ်ချောင်းတွင်း သဲသောင်နှင့် ကျွန်းများပေါ်တွင် ကိုင်းကျွန်းသီးနှံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးသည်။ စိုက်ပျိုးရေးနှင့်တွဲဖက်၍ နွား၊ ကြက်၊ ဝက်၊ ဆိတ်၊ သိုးတို့ကို မွေးမြူသည်။

ရေလုပ်ငန်း အနေဖြင့် ဒေသတွင်းစားသုံးရန် ချင်းတွင်းမြစ်နှင့် ချောင်းများမှရေချိုငါးဖမ်းလုပ်ငန်းရှိသည်။

သစ်တောထွက်ပစ္စည်းလုပ်ငန်း

ဒေသတွင်းခြောက်သွေ့တောများမှ ဒေသသုံး(ထင်း)နှင့်အခြားသစ်တောထွက်ပစ္စည်းများ ထုတ်ယူသည်။

တွင်းထွက်ပစ္စည်းလုပ်ငန်း

ဒေသအနောက်တောင်ပိုင်းရှိ လက်ပံတောင်းတောင်မှ ကြေးနီသတ္တုတူးဖော်ရေးလုပ်ငန်းရှိသည်။

စက်မှုလက်မှုလုပ်ငန်း

ဒေသထွက် စိုက်ပျိုးရေးထွက်ကုန်များပေါ်အခြေခံ၍ ဆီစက်၊ ပဲခွဲစက်၊ ဂျုံစက်၊ ဝါကြိတ်စက်၊

ရက်ကန်းစက်၊ စောင်စက်များနှင့် ဒေသပတ်ဝန်းကျင်မှထွက်ရှိသည့် သစ်များကိုခွဲစိတ်သည့် သစ်စက်များ၊ ပရိဘောဂလုပ်ငန်းများနှင့် အထပ်သားစက်ရုံရှိသည်။

ပို့ဆောင်ဆက်သွယ်ရေး

ပုံတွင်တွေ့ရသည့် မုံရွာမြို့သည် ကားလမ်း၊ ရထားလမ်း၊ ရေလမ်းနှင့် လေယာဉ်လမ်းများ စုဆုံရာမြို့ဖြစ်သည်။ စစ်ကိုင်းမှ ဘုတလင်သို့ သွားသောကားလမ်း၊ ရထားလမ်းတို့မုံရွာမြို့ကို ဖြတ်သန်းသွားသည်။ မုံရွာမှ အရှေ့ဘက်ရှိ သာစည်နှင့် အရာတော်သို့ ကားလမ်းရှိသည်။ အနောက်ဘက်ရှိ ချင်းတွင်းမြစ်ကို ကူးတို့ဖြင့်ကူးပြီး ညောင်ပင်ကြီးမှ တစ်ဆင့် ယင်းမာပင်နှင့် ဆားလင်းကြီးသို့ ကားရှိသည်။ ဒေသတွင်းကျေးရွာများသို့ လှည်းလမ်း၊ လူသွားလမ်းများနှင့် ဆက်သွယ်ထားသည်။

ကုန်သွယ်ရေး

ဒေသမှ ထွက်ရှိသောစိုက်ပျိုးထုတ်ကုန်များကို ပြည်တွင်းရှိအခြားဒေသများသို့တင်ပို့ရောင်းချပြီး ဒေသအတွက် လိုအပ်သည့် စားသောက်ကုန်၊ လူသုံးကုန်အဝတ်အထည်၊ ဆေးဝါးများကို ပြန်လည်တင်သွင်းသည်။

ဤအချက်အလက်များသည် ဒေသတစ်ခု၏ ဒေသန္တရပထဝီဝင်အနေဖြင့် ခြုံငုံသုံးသပ်ပေးထားခြင်း ဖြစ်သည်။ စာမေးပွဲတွင် ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှုရေးပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်း ပထဝီဝင် စသဖြင့် ခွဲမေးတတ်သည့်အတွက် မေးခွန်းကို သတိပြုပြီး ဖြေဆိုကြရန်နှင့်လက်တွေ့ပထဝီဝင် အပိုင်းသည် တိကျစွာဖြေဆိုနိုင်မည်ဆိုပါက အမှတ်ပြည့်ရနိုင်သည့်အတွက် သေချာစွာလေ့ကျင့်ထားသင့်ပါသည်ဟု အကြံပြုလိုက်ပါတယ်။ ။

လောင်းလုံးမြို့နယ် ဝေဒီကျေးရွာ၌ မူလွန်ဝေဒီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

လောင်းလုံး ဇန်နဝါရီ ၂၄

တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ဝေဒီကျေးရွာ၌ ငွေကျပ်သိန်း၉၀၀ကျော်တန် မူလွန်ဝေဒီ နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက်ကကျင်းပရာ မူလွန်ဝေဒီနှစ်ထပ်ကျောင်းဆောင်သစ်ကို အလှူရှင် မစ္စတာကာကာဟာရှီမာစာနရီ၊ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဦးထွန်းစိန်၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်တို့က ကျေးဇူးတင်စကား ပြောကြားကြသည်။ အခမ်းအနားသို့ လောင်းလုံး မြို့နယ်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများတက်ရောက်ကြသည်။

(၁၈၇)

လက်တွေ့မီးငြိမ်းသတ်နည်း သဲတောဈေးအတွင်း သရုပ်ပြ

ဝမ်းတွင်း ဇန်နဝါရီ ၂၅

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သဲတောဈေးအတွင်းမီးဘေးကြိုတင်ကာကွယ်ရေးပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းတို့ကို ဒီဇင်ဘာ ၁၇ရက်က ကျင်းပရာ မြို့နယ်စည်ပင်အမှုဆောင်အရာရှိနှင့်မြို့နယ်အတွင်းရေးမှူး ဦးထင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ပြီး အဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်နှင့် ဈေးသူဈေးသားများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ်စည်ပင်)

ဇန်နဝါရီ ၉ရက်က ရေကြည်မြို့နယ် မြန်မာ့ရေနံထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ်(၈၁၄၇)တွင် ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ဝေ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးစိုးအောင်နှင့် စက်သုံးဆီအရောင်းဆိုင်မန်နေဂျာ ဦးသန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

ဖွံ့ဖြိုးစည်ပင်သာယာ မြို့မိတ္ထီလာ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
ကိုတင်လှိုင် (မိတ္ထီလာ)

စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၃၀

မိတ္ထီလာမြို့သည် ရန်ကုန်-မန္တလေး-မြင်းခြံ-ကျောက်ပန်းတောင်း-တောင်ကြီးသွား ကားလမ်းဆုံရာ ဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာမြို့သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့သည်။ ဤကဲ့သို့ ဖွံ့ဖြိုးစည်ကား တိုးတက်နေသည့် မိတ္ထီလာမြို့ကြီး အစဉ်သဖြင့် သန့်ရှင်းလှပ သာယာစေရန်အတွက် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❐

အနုပညာရပ်ဝန်းမှ အကယ်ဒမီ ရင်ခုန်သံများ

စုမြတ်နိုင်နှင့် အေးသဇင်မြင့် (သတင်းအတတ်ပညာ) တို့၏ အနုပညာသတင်းမြင်ကွင်းကို စာမျက်နှာ ၁၁ တွင် ဖတ်ရှုနိုင်ပါသည်။

အကယ်ဒမီ
မို့မို့မြင့်အောင်

မိုးပြည့်ပြည့်မောင်

ရဲတိုက်

ချောရတနာ

ဝိုင်းစုခိုင်သိန်း

ခိုင်နှင်းဝေ

မန္တလေးတိုင်း မိတ္ထီလာမြို့ အဝင်ဆိုင်းဘုတ်က ဤသို့ ကြိုဆိုနေသည်။ ဓာတ်ပုံမှတ်တမ်း- ကိုတင်လှိုင် (မိတ္ထီလာ)

မြန်မာ့အလင်း
အင်တာနက်ကျန်းမာရေး

ပန်းနာရင်ကျပ်ဝေဒနာ ခံစားနေရသူများ ဗီတာမင်ဒီ ချို့တဲ့လျှင် ရောဂါပိုဆိုးရွားစေနိုင်

ဗီတာမင်ဒီဓာတ် ချို့တဲ့ခြင်းသည် ပန်းနာရင်ကျပ်ဝေဒနာခံစားနေရသူများအတွက် ရောဂါကို ပိုမိုဆိုးရွားစေနိုင်ကြောင်း၊ ခန္ဓာကိုယ်မှ အလိုအလျောက် ထုတ်ပေးသည့် ဟော်မုန်းဓာတ် လျော့ကျစေနိုင်ကြောင်း သုတေသနပြု ဆန်းစစ်လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

လေ့လာတွေ့ရှိ

အမေရိကန်နိုင်ငံ ဒန်ဗာတက္ကသိုလ်မှ သုတေသနပညာရှင်အဖွဲ့သည် ပန်းနာရင်ကျပ်ဝေဒနာ ခံစားနေရသူများအား *စာမျက်နှာ ၇ ကော်လံ ၁* ●

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅၊ ၁၆ နှင့် ၁၇ တို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ပထဝီဝင်ဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။